မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စီးပွားရေးပိတ်ဆို့ဟန့်တား ဖိအားပေးနေချိန် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အမျိုးသားအကျိုးစီးပွားကိုသာ အလေးထားဆောင်ရွက် နိုင်ငံ၏စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆတက်ထမ်းပိုး ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဤမှ. . . . ထိုသို့ ချီတက်ကြပါစို့

အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များက အပြန်အလှန် ယုံကြည်ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယခုကျော်ဖြတ်ရမည့်အဆင့်မှာ ပြည်သူလူထုက အပြန်အလှန် ယုံကြည်ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းပေးခြင်းပင်ဖြစ်သည်။ ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် အခြေခံဥပဒေဖြစ်သည်။

အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ဆောင်းပါး (စာ ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၇ ရက်)

ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပြည့်ဆည်းပေးနိုင်ရေး ကျွမ်းကျင်ပညာရှင်များ ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်က ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေး ဌာနများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက် စီမံဆောင်ရွက် ပေးလျက်ရှိသည်။

မကွေးတိုင်း မင်းဘူးမြို့နယ် ပြည်သူ့ဆေးရုံကို အဆင့်ဆင့်ပြောင်းလဲဖွင့်လှစ်ခဲ့ရာ ယခုအခါ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ဟုမ္မလင်းမြို့နှင့် ပတ်ဝန်းကျင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုအထောက်အကူပြုလာစေမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အဆင့်မြင့်ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများကို တိုးချဲ့တည်ဆောက်ပြီး နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် ဆေးတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ ဖွင့်လှစ်ကာ ပညာရှင်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများကလည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည် ဖြစ်သည်။

ဆေးရုံများ အဆင့်အတန်းမြင့်မားလာစေရေး နိုင်ငံတော်က ခေတ်မီကုသရေးပစ္စည်းများ ဖြည့်ဆည်းပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် ကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းခြင်းဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းနေ ဦးခင်မောင်ဌေး (ညွှန်ကြားရေးမှူးချုပ်-မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)- ဒေါ်နွဲ့နွဲ့ (အလပြ၊ ငြိမ်း) မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးထွန်းတို့က လက်ခံယူစဉ်။ (က-ပ)

လယ်ယာစိုက်ပျိုးရေး ထုတ်ကုန် ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၆

လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေးပွဲကို မတ် ၁၄ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်နှင့် ညီနောင်အသင်းများက စိုက်ပျိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌများက မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသီးသီးတင်ပြကြကြောင်း သိရသည်။ (သတင်းစဉ်)

အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက် အထူးတရားစခန်းပွဲကြီးကို၁၃၆၉ခုနှစ်တန်ခူးလဆန်း ၆ရက်မှ ၁၅ရက် (ဧပြီ ၁၁ရက်မှ ၂၀ရက်)အထိ ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် တရားဝင်ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းရမည် ဖြစ်သည်။ တရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့်ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း- ၅၄၇၀၂၈နှင့် ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

တံတားမြို့ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီးဆရာမကြီး ၄၃ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သီရိရတနာခန်းမ အထက တံတားမြို့တွင် ကျင်းပမည် ဖြစ်သည်။

အလှူငွေလှူဒါန်းလိုသူများသည် ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း)ဖုန်း- ၀၁-၅၇၉၇၄၂၊ ဦးထွန်းလှရွှေ ဖုန်း- ၀၅၆-၂၅၀၇၀၊ ဗိုလ်ကြီးတင်ယု ဖုန်း- ၀၉-၅၁-၈၃၃၅၄၊ဒေါ်သန်းဌေးဖုန်း- ၀၁-၅၁၀၇၇၄၊ ဒေါ်မြစမ်း ဖုန်း- ၀၉-၅၀-၀၃၅၀၄၊ ဒေါ်ဝင်းမြင့် ဖုန်း- ၀၉-၅၁-၃၂၆၁၃၊ ဒေါ်စန်းစန်းနွယ် ဖုန်း- ၀၉-၅၁-၆၀၁၈၅နှင့် ဦးလှဝင်း (ကျောင်းအုပ်ကြီးအထက တံတားမြို့) ဖုန်း- ၃၃၃၅၄၅၃၊ ၃၃၃၅၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြေးပိဋကတ်တော်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးထွန်းသိန်း-ဒေါ်အေးငွေ (နိုင်ရတနာ) မိသားစုမှ ကြေးပိဋကတ် သုတ္တန္တပိဋကဝင် ပါထေယျပါဠိတော် ကြေးပြား ငါးချပ်၊ တန်ဖိုးငွေ ကျပ် ၁၂၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ် လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၂)

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် သခွပ်ကုန်းရွာနေ ဦးလွန်း-ဒေါ်သန်းရီ၊ သားသမီး၊ မြေးများမိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၅၀၀၀ကို တိပိဋကကျောင်းနှစ်ပုံခွဲဆောင် ဆရာတော်ဦးသီလာစာရထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုလ္လဘရဟန်းခံ၊ ရှင်၁၃၇ပါး သာသနာ့ဘောင်သွတ်သွင်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

မရမ်းကုန်းမြို့နယ်နေ သာသနာ့ဒါယကာကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး သာသနာ့ဒါယိကာမကြီး ဒေါ်မြမြစိုး သမီး မရတနာစိုး မိသားစုက ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ ရွှေကျင်တိုက်သစ် ပဓာနနာယက ဘဒ္ဒန္တတေဇသာရအရှင်သူမြတ်အား ဥပဇ္ဈာယ်ပြု၍ ကျပ်သိန်း ၂၀၀ကျော် အကုန်အကျခံကာ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်များမှ ဒုလ္လဘရဟန်း ၁၁ပါး၊ ရှင် ၁၃၇ပါးကို မတ် ၂၁ရက် (တပေါင်းလပြည့်နေ့)တွင် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ကာ သမီး မရတနာစိုးကို နားသမင်္ဂလာကျင်းပပြီး ကြွလာသမျှ ဧည့်ပရိသတ်များအား နံနက်စာဖြင့် စတုဒိသာကျွေးမွေးကာ ဇလွန်ပြည်တော်ပြန် ဘုရားသို့ ဓမ္မမိတ်ဆွေများအား စရိတ်ငြိမ်း ဘုရားဖူးဒါနပြုမည်ဖြစ်သည်။

(က–ပ)

အကာမပစ်က အနှစ်မရနိုင်

အနှစ်မရှိသော ကာမဂုဏ်ကိလေသာတို့ကို အနှစ်ဟု မှတ်ထင် တွယ်ကပ်နေပြီး အနှစ်အစစ်အမှန်ဖြစ်သော သူတော်ကောင်းတရားတို့ကို အကာဟု ထင်မှတ်ကာ ပစ်ပယ်ကြသူများသည် သီလစသော ဂုဏ်ကျေးဇူးအနှစ်အစစ်အမှန်တို့ကို မရနိုင်ကြကုန်။

(ဓမ္မပဒ ၁၁)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ခုနှစ် အကြိမ်(၃၀)မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၁၆

၂၀၀၈ခုနှစ် အကြိမ်(၃၀)မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင် (အငြိမ်းစား)၊ ဥက္ကဋ္ဌ ဦးတေဇနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်း နှင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်း အသီးသီးတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဂေါက်သီး ဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဆုဖလားကို ဝန်ကြီးထံ ပြန်လည်အပ်နှံ၍ ဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နာယကနှင့် ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အားကစား သမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကိုရွတ်ဆိုကြသည်။

စတင်ကျင်းပ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ် ပေးကြပြီး ပထမနေ့ပြိုင်ပွဲကို စတင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မတ်၁၇ရက် အထိ မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ် ကြောင်းနှင့်ပြည်နယ်နှင့်တိုင်းမှအသင်း ၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ **'သူ့အတွက် မင်္ဂလာ၊ ကိုယ့်အတွက် မင်္ဂလာ'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ သရုပ်ဆောင်နိုင်နိုင်းက သူ့ဇနီးနှင့်ပတ်သက်သည့် သတင်းသည် လုံးဝမှားယွင်းဟု ပြောကြား၊ ကမ်းရိုးတန်းဒေသ ပြည်နယ်နှင့် တိုင်းများသို့ စီဒီအမ်အေမိုဘိုင်းလ်ဖုန်း ခြောက်သောင်းကျော် ချပေးတော့မည်၊ ပြည်ပအလုပ်အကိုင် အေးဂျင့်အချို့၏ ဆောင်ရွက်ပေးမှု နည်းစနစ်မမှန်ကန်ခြင်းကြောင့် မလေးရှားတွင် လုပ်ကိုင်နေသူ လုပ်သားများ အခွင့်အရေးနစ်နာမှုများရှိနေ၊ မြန်မာနိုင်ငံအား ကမ္ဘာ့ပထမအများဆုံး ပဲတင်ပို့သည့် နိုင်ငံဖြစ်အောင် ဆောင်ရွက်မည် စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ **'ထာဝရငြိမ်းချမ်းမှု ရသွားပြီလား သဘာဝရဲ့ ရင်သွေးငယ်'** စိုင်းထီးဆိုင်၏ နောက်ဆုံးခရီးမှတ်တမ်း၊ အလုပ်နှင့် ပညာရေးလမ်းညွှန် **'ဂဟေဆက်ပညာဖြင့် သက်မွေးလိုလျှင်'** ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ခေါင်းဆောင်မှုဆိုတာ တစ်စုံတစ်ခုအတွက် ရပ်တည်ပေးတာပါ' တိုင်းမ်ဝါနာကုမ္ပဏီကြီး၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရစ်ချတ်ဒီပါဆွန်နှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ တူရကီနှင့် အီရတ်စစ်ဖြစ်လာလျှင် အမေရိကန်၏ ပယောဂမကင်း၊ မိမိတွင်အပြစ်မရှိကြောင်း တရားရုံးတွင် သက်ဆင် လျှောက်လဲ၊ မိခင်နှင့်သမီး ပဋိပက္ခဖြစ်မှုနှင့် သွေးတွင်းဓာတ်ပေါင်းစုအဆင့် နိမ့်ကျမှုများက စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းစေနိုင်၊ အိန္ဒိယတွင် ခွေးလေခွေးလွင့် တစ်သိန်းကျော် အဆိပ်ခတ်သတ်မည်၊ ပြည့်တန်ဆာနှင့်ပတ်သက်ခဲ့၍ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးက နုတ်ထွက်သွားရ၊ မိုဘိုင်းလ်ဖုန်းလက်ပတ်နာရီပတ်၍ စာမေးပွဲဝင်ဖြေဆိုခဲ့သူ အဖမ်းခံရ၊ ကလေးများများမွေးလျှင် အကျိုးခံစားခွင့်ရှိမည်၊ သေလျှင်အပြစ်ပေးခံရမည် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အာဆီယံကျပန်းစကားပြောပြိုင်ပွဲဆုရသူဂုဏ်ပြု

ရန်ကုန် မတ် ၁၆

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပသော အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲ (ASEAN Youth Exiemporaneous Speaking Competition)၌ တတိယဆုရရှိခဲ့သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ငွေကြယ်ပွင့် လူငယ်အဖွဲ့(ရန်ကုန်)မှ မဆုဝင်းထိုက်အား ဂုဏ်ပြုပွဲကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်၌ ကျင်းပရာ တတိယဆုရှင် မဆုဝင်းထိုက်က ၎င်း၏ဆုဖလားကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးစံသိန်းထံ လွှဲပြောင်းပေးအပ်ပြီး အသင်းမှ ချီးမြှင့်သော ဂုဏ်ပြုလက်ဆောင်ကို လက်ခံသည်။

(သတင်းစဉ်)

တရားစခန်းပွဲများကျင်းပမည်

အလိုတော်ပြည့်ကျောင်းတိုက်

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်)အထိ ခုနစ်ရက်တိုင်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီး ကိုယ်တိုင် ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားပြသမည် ဖြစ်သဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၃၆၉ခုနှစ် တန်ခူးလဆန်း၅ရက် (ဧပြီ ၁၀ရက်) ညနေ ၄နာရီအရောက် တရားစခန်းသို့ ဝင်ရောက်ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဂေါပကရုံး ဖုန်း–၅၄၈၈၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သွေးဆေးကန်ဆရာတော် အထူးတရားစခန်းပွဲများ

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်း ပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc., Phys.) သည် တပေါင်းလပြည့်ကျော်၂ရက်မှ ၈ရက်အထိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၂၄၃) ပေါင်မြို့ မွန်ပြည်နယ်၌ လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၁၀ရက်မှ ၁၂ရက်အထိ မုတ်ကျွန်း ထားဝယ်၌ လည်းကောင်း၊ တပေါင်းလပြည့်ကျော်၁၄ရက်မှ တန်ခူးလဆန်း ၅ရက် ဖောင်းတောရေဖြူ ထားဝယ်၌လည်းကောင်း၊ တန်ခူးလဆန်း၇ရက်မှ ၁၃ရက်အထိ သင်္ကြန်ပွဲ အုန်းပင်ကွင်း ထားဝယ်၌လည်းကောင်း၊ တန်ခူးလပြည့်ကျော်၃ရက်မှ ၉ရက်အထိ သရက်ငူကျေးရွာအဖွဲ့ခွဲ(၃၃၅)၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ

သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက်ရှိ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက် တရားစခန်းကို ဧပြီ၈ရက်မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ဖွင့်လှစ် မည်ဖြစ်ပါသဖြင့် ဧပြီ၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ဧပြီ၇ရက် ညနေ ၄နာရီ အရောက် တရားစခန်းဝင်ကြရန် ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စ အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။

သင်္ဃန်းကျွန်းဓမ္မဝိဟာရစာသင်တိုက်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇာဝေယာလမ်း၌ တည်ရှိသော ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာအတွင်း၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဆရာတော်အရှင်ဂုရုဝံသ (ပထမကျော်၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ ပဋိကတ်တစ်ပုံဆောင်)က ပိဋိစ္စသမုပ္ပါဒ်ကို အခြေခံ၍ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ဝိပဿနာတရားတော်များကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၆၂၃၃၃ သို့ ဆက်သွယ်စာရင်းပေးသွင်းပြီး ဧပြီ ၁၁ရက် ညနေ၄နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ **(က–ပ)**

အာဖဂန်၏ ပထမဆုံး နှလုံးခွဲစိတ်အထူးကုဆရာဝန်အား ပြင်သစ်ဆရာဝန်များ လေ့ကျင့်သင်ကြားပေးခဲ့

ကဘူးလ် မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံမှ ဆရာဝန်တစ်ဦးသည် စစ်ဖြစ်ပွားပြီးနောက် ကဘူးလ်မြို့၌ ပြင်သစ်ခွဲစိတ်ဆရာဝန်များ၏ လေ့ကျင့်သင်ကြားပေးမှုဖြင့် ပထမဆုံးသော နှလုံးခွဲစိတ်အထူးကုဆရာဝန် ဖြစ်လာသည်။

စတင်ဆောင်ရွက်

အဆိုပါ ဆရာဝန်၏ အမည်မှာ ဟက်ရှ်မာတူလ် လာနာဝါဘီ ဖြစ်သည်။ ဆရာဝန်နာဝါဘီသည် မတ် ၁၂ရက်က မီဒီယာအဖွဲ့အား ဖိတ်ကြား၍ အခမ်းအနားဖွင့် နှလုံးခွဲစိတ်အထူးကု ဆရာဝန်အဖြစ် စတင်ဆောင်ရွက်ခဲ့သည်။

လေ့ကျင့်သင်ကြား

အာဖဂန်နစ္စတန်နိုင်ငံ၏ ပထမဆုံး ခွဲစိတ်ဆရာဝန် ဟက်ရှ်မာတူလ်လာ နာဝါဘီ (ဝဲ)အား ပြင်သစ် ခွဲစိတ် ဆရာဝန်များက လေ့ကျင့် သင်ကြား ပေးနေသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

လုပ်ကိုင်နေ

ယင်းဆရာဝန်သည် ယခင်က ဆိုဗီယက်၌ ပညာလေ့လာသင်ယူခဲ့ပြီးနောက် ဂျာမနီနိုင်ငံ၌ အလုပ်ဝင်ရောက်လုပ်ကိုင်နေခဲ့သည်။

လေ့ကျင့်သင်ကြား

ပြင်သစ်ဆရာဝန်များက ၂၀၀၆ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ပထမဆုံးနှလုံးခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ၄င်းဆရာဝန်အား စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့သည်ဟုဆို၏။

ကြည့်ရှုအားပေး

ယင်းနိုင်ငံ၌ ယခင်က နှလုံးခွဲစိတ်နည်း ပညာမရှိခဲ့ပေ။ ဆရာဝန်နာဝါဘီ၏ နှလုံးခွဲစိတ်မှု အခမ်းအနားတွင် အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟာရက်ပြည်နယ်မှ ရာပေါင်းများစွာသော ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

(အင်တာနက်)

ပြိုကျပျက်စီး

အမေရိကန်နိုင်ငံတွင် မတ် ၁၄ ရက်ညက လေပြင်းတိုက်ခတ်ခဲ့ပြီးနောက် ပြိုကျ ပျက်စီးသွားသော သိုးမွေးစက်ရုံ တစ်ရုံ၏ အပျက်အစီးများကို မတ် ၁၅ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

စေတန်ဂြိုဟ်၏ အရံလတစ်စင်းပေါ်၌ တစ်ချိန်က သမုဒ္ဒရာဖြစ်ထွန်းခဲ့ဖွယ်ရှိ

ဟူစတွန် မတ် ၁၆

စေတန်ဂြိုဟ်၏ လများအနက် တစ်ခုသော အရံလပေါ်၌ တစ်ချိန်က သမုဒ္ဒရာတစ်စင်း တည်ရှိခဲ့ဖွယ်ရှိကြောင်း တက္ကဆက်ပြည်နယ် ဟူစတွန်မြို့၌ ကျင်းပသော အာကာသဆိုင်ရာ အစည်းအဝေးတွင် သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြောကြား

တေးဒီစ်အမည်ရှိ အဆိုပါအရံလပေါ်တွင် တစ်ချိန်က သမုဒ္ဒရာဖြစ်ထွန်းခဲ့ဖွယ်ရှိကြောင်း၊ ယင်းအရံ ဂြိုဟ်လပေါ်၌ ရေခဲကဲ့သို့သိပ်သည်းသော နေရာတစ်နေရာကိုတွေ့ရှိခဲ့ကြောင်း(အောက်ပုံ)၊ ယင်းသည် တစ်ချိန်က သမုဒ္ဒရာ၏ အစအနပင်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တင်ပြ

ယင်းအရံဂြိုဟ်သည် စေတန်ဂြိုဟ်ကို လှည့်ပတ်နေသော ဂြိုဟ်တစ်စင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ကျွမ်းကျင်ပညာရှင်များက သုံးသပ်တင်ပြထားသည်။
(အင်တာနက်)



သမ္မတအာရိုယို ရာထူးမှနုတ်ထွက်ပေးရန် မနီလာ၌ ပြည်သူအများ ဆန္ဒပြတောင်းဆို

မနီလာ မတ် ၁၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ ပြည်သူ့ပန်းခြံသို့ မတ် ၁၄ရက်က လူပေါင်း၅၀၀၀ခန့် ချီတက်လာပြီး သမ္မတ ဂလိုရီယာ မကာပါဂါးလ် အာရိုယို လာဘ်စားမှုပြုလုပ်ခဲ့၍ နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ဆန္ဒပြ

ဆန္ဒပြသူများက နုတ်ဆက်ပါတယ် ဂလိုရီယာ၊ အာရိုယို နုတ်ထွက်ပေးပါ ဟူသော ကြွေးကြော်သံ ဆိုင်းဘုတ်များ ကိုင်ဆောင်လျက် ချီတက်ဆန္ဒပြခဲ့ကြသည်။

လျှော့နည်း

အဆိုပါ ဆန္ဒပြသူဦးရေသည်လွန်ခဲ့သော သီတင်းနှစ်ပတ်က အာရိုယို ဆန့်ကျင်သော ဆန္ဒပြပွဲ ဦးရေထက် လျှော့နည်းခဲ့သည်ဟုဆိုသည်။ သမ္မတအာရိုယိုသည် ဇက်တီအီး ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၃၂၉သန်းဖိုးရှိ စာချုပ် ချုပ်ဆိုခဲ့ခြင်းအပေါ် ရိုးသားစွာ လုပ်ကိုင်ခဲ့ခြင်းမရှိဟု ဆန္ဒပြသူများက စွပ်စွဲထားသည်။

ကြေညာ

သမ္မတအာရိုယိုက၂၀၁၀ပြည့်နှစ် သမ္မတသက်တမ်းကုန်အထိ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

တောင်းဆို

သို့သော်လည်း ၄င်းနှစ်မကုန်မီ ရာထူးမှ အမြန်ဆုံးဆင်းပေးရန် ဆန္ဒပြသူများက တောင်းဆိုလျက် ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်၌ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု ပြည်နယ်နှစ်ခုထက်မက ကျော်လွန်ပျံ့နှံ့

ဟနွိုင်း မတ် ၁၆

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဆော့တရန်ပြည်နယ်နှင့် ကွန်ဗင့်ချ်ပြည်နယ်အလယ်ပိုင်းတို့၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားလျက်ရှိရာမှ စုစုပေါင်း ကြက်ငှက်တုပ်ကွေး ဖြစ်ပွားရာနေရာ ၁၀နေရာအထိ ပျံ့နှံ့ ဖြစ်ပွားလာနေကြောင်း ဒေသထုတ် သတင်းစာတစ်စောင်ဖြစ်သည့် ပိုင်အိုးနီးယားသတင်းစာက မတ်၁၄ရက်၌ ရေးသားဖော်ပြသည်။

ဆော့တရန်ပြည်နယ် ၄နမ်ဒေသ ဘဲခြံတစ်ခြံ၌ မတ် ၇ရက်မှ စပြီး ဘဲ ကောင်ရေ ၁၃၀၀ရှိရာ ၉၀၀မှာ ယင်း ရောဂါဖြင့် သေဆုံးခဲ့ရကြောင်း၊ ဘဲခြံ တစ်ခြံလုံးရှိဘဲများ ထပ်မံကူးစက်ခံရခြင်းမရှိစေရန် သုတ်သင်ခဲ့ကြောင်း ဗီယက်နမ် တိရစ္ဆာန်ကျန်းမာရေးဦးစီးဌာန၏ ပြောကြားချက်ကို ၄င်းသတင်းက ကိုးကားဖော်ပြသည်။

အလားတူ ကွန်ဗင့်ချ်ပြည်နယ် လီသူရိုင်းခရိုင်ရှိ ဘဲခြံတစ်ခြံ၌ ဘဲကောင်ရေ ၃၀၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကိုက်အခဲပျောက်ဆေး ပုံမှန်သုံးစွဲသူများ ပန်းနာရင်ကျပ်ရောဂါဝေဒနာ သက်သာစေနိုင်

ဝါရှင်တန် မတ် ၁၆

အကိုက်အခဲပျောက်ဆေး ပုံမှန်သုံးစွဲသူများသည် ပန်းနာရင်ကျပ်ရောဂါဝေဒနာခံစားရမှုကို လျှော့ချနိုင်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက မတ် ၁၂ရက်တွင် ပြောကြားသည်။

သက်သာ

အကိုက်အခဲပျောက်ဆေး ပုံမှန်သောက်သုံးသော အမျိုးသမီးများသည် ဆေးမသောက်သူများထက် ပန်းနာရင်ကျပ်ရောဂါဝေဒနာခံစားနေရခြင်းမှ သက်သာစေသည်ဟု ဆိုသည်။

ယင်း လေ့လာတွေ့ရှိချက်ကို ဘော့စတွန်ရှိ အမျိုးသမီးဆေးရုံနှင့် ဟားဗတ်ဆေးတက္ကသိုလ်မှ ဒေါက်တာကိုဘီယားစ်ကတ်သ် ဦးဆောင်သော ဆေးအဖွဲ့က သုတေသနပြုလေ့လာခဲ့သည်ဟုဆိုသည်။

အဆိုပါ သုတေသနအဖွဲ့သည် အကိုက်အခဲပျောက်ဆေး ပုံမှန်သုံးစွဲသောအသက် ၄၅နှစ် အထက်ရှိ အမျိုးသမီး ၈၇၂ဦးအား ၁၀နှစ်ကြာ လေ့လာခဲ့ရာ ပန်းနာရင်ကျပ်ရောဂါ သက်သာစေကြောင်း၊ ယင်းမှာ အာနိသင်နည်းသော အကိုက်အခဲပျောက်ဆေးသောက်သူအမျိုးသမီး ၉၆၃ဦးနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြောင်း ၄င်းအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဖိလစ်ပိုင်၌ ဗုံးပေါက်ကွဲ

မနီလာ မတ် ၁၆

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဒါဗာရိုဒယ်ဆူရာပြည်နယ်၌မတ်၁၅ရက်က ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသည်ဟု ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ဗုံးပေါက်ကွဲမှုမှာ အကြမ်းဖက်သမားတို့၏လက်ချက်ဖြစ်ပြီး ရဲတပ်ဖွဲ့က အဆိုပါ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ယခုအခါ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ဝိုက် လုံခြုံရေးတင်းကျပ်ထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ ရှာအက်အရပ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

မပြောရဘူးနော်...

အိမ်စာအဖြစ်ပေးလိုက်သည့် သချာၤပုစ္ဆာများအားလုံးကို မှန်အောင်တွက်နိုင်ခဲ့သော ဒုတိယတန်း ကျောင်းသားတစ်ဦးအား ဆရာမက မေးလေသည်။

ဆရာမ ။ ။ မိုက်ကယ် အိမ်စာတွေ ဘယ်အချိန်လုပ်တာလဲ။
မိုက်ကယ် ။ ။ ညပိုင်းမှာ လုပ်တာပါ။
ဆရာမ ။ ။ မအိပ်ခင်မှာ အပြီး လုပ်တာလား။
မိုက်ကယ် ။ ။ ဟုတ်ပါတယ်။
ဆရာမ ။ ။ ကဲ…အိမ်စာတွေ အကုန်မှန်အောင် ဘယ်လိုတွက်ခဲ့သလဲဆိုတာ အတန်းသားတွေ အားလုံးသိအောင် ပြောပြလိုက်ပါဦး။
မိုက်ကယ် ။ ။ "မမက ဘယ်သူ့ကိုမှ မပြောရဘူးတဲ့"
ဆရာမ ။ ။ "ဟေ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြောက်အတ္တလန္တိတ်မှ အိုက်စလန် သမ္မတနိုင်ငံ

သတင်းအက်ဆေး

အိုက်စလန် သမ္မတနိုင်ငံသည် အတ္တလန္တိတ် သမုဒ္ဒရာ မြောက်ဘက်အစွန်ဆုံးဒေသတွင် တည်ရှိသည်။ လူဦးရေကျဲသောမြောက်အတ္တလန္တိတ်မှ ဤနိုင်ငံသည် ရေပူစမ်းများနှင့် မီးရှင်တောင်များကြောင့် အများနှင့်မတူ တစ်မူထူး၍ထင်ရှားကျော်ကြားလှသည်။ နိုင်ငံ၏မြေပြင်အများစုမှာ ချော်ရည်ချော်ခဲများက ဖုံးလွှမ်းနေသည်။ နိုင်ငံ၏ အပူပေးစနစ်အတွက်လည်း ရေပူရေနွေးကို မြေအောက်မှ စုပ်ယူအသုံးပြုသည်။

အခြေချ

အိုက်စလန်၌မူလကအိုင်ယာလန်ဘုန်းတော်ကြီး အနည်းငယ်ရှိခဲ့ပြီး ၈၇၀ပြည့်နှစ်များတွင် စကင်ဒီနေးဗီးယန်းများ စတင်အခြေချခဲ့သည်။ ၉၃၀ပြည့်နှစ်တွင် ဥပဒေပြုရန်နှင့် အငြင်းပွားမှုများ ဖြေရှင်းပေးရန် ပါလီမန် အစည်းအဝေး နှစ်စဉ်ကျင်းပသည်။ ၁၀၀၀ ပြည့်နှစ်တွင် အိုက်စလန်နိုင်ငံ၌ ခရစ်ယာန်ဘာသာကိုလက်ခံကာ စတင်ကျင့်သုံးသည်။ ယဉ်ကျေးမှု ရွှေခေတ်လည်း စတင်ထွန်းကားသည်။ ၁၂၆၂-၆၄ ခုနှစ်များတွင် နော်ဝေဘုရင်ကို သက်ဦးဆံပိုင် ဘုရင်အဖြစ် အသိအမှတ်ပြုသည်။ ၁၃၈၀ပြည့်နှစ်တွင် အိုက်စလန်နှင့်နော်ဝေသည် ဒိန်းမတ်နှင့် ပေါင်းလိုက်သည်။ ၁၄၀၂-၀၄ ခုနှစ်များတွင် ရောဂါန္တရကပ်ဆိုက်သဖြင့် လူဦးရေထက်ဝက် အသက်ဆုံးရှုံးခဲ့သည်။ ၁၄၉၄-၉၅ခုနှစ် များတွင်လည်း အလားတူ ရောဂါန္တရကပ်ဆိုက်၍ အသေအပျောက် များခဲ့သည်။

၁၇၀၀ပြည့်လွန်နှစ်များတွင်ရောဂါဘယ၊ ငတ်မွတ်မှုနှင့် မီးတောင်ပေါက်ကွဲမှုတို့ကြောင့် လူဦးရေမှာ ၅၀၀၀၀မှ ၃၅၀၀၀အထိလျော့သွားသည်။ ၁၈၁၄ ခုနှစ်တွင် အိုက်စလန်မှာ ဒိန်းမတ်အုပ်ချုပ်မှုအောက်၌ ရှိနေသေးသည်။ ၁၈၄၈ ခုနှစ်တွင် ဒိန်းမတ်ဘုရင်က သူ၏ အကြွင်းမဲ့အာဏာကို စွန့်လွှတ်သည်။ ၁၈၇၄ ခုနှစ်တွင် အိုက်စလန်နိုင်ငံမှာ အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရလာသည်။

၁၉၄၀ ပြည့်နှစ်တွင် ဂျာမနီက ဒိန်းမတ်ကိုသိမ်းပြီး ဗြိတိန်က အိုက်စလန်ကိုသိမ်းသည်။ ၁၉၄၁ခုနှစ်တွင် အမေရိကန်က အိုက်စလန်ကာကွယ်ရေးကို တာဝန်ယူသည်။ အမေရိကန်တပ်များလည်း ဖြန့်ကြက်ထားသည်။

ကြေညာ

၁၉၄၄ ခုနှစ်တွင် ဒိန်းမတ်နှင့် အဆက်အသွယ်အားလုံး ဖြတ်တောက်ပြီး သမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၄၄ ခုနှစ် ဇွန် ၁၇ရက်တွင် အိုက်စလန် သမ္မတနိုင်ငံကြေညာခဲ့သည်။

၁၉၅၈ခုနှစ်တွင် အိုက်စလန်နိုင်ငံက ငါးဖမ်းဇုန်ကို ၁၉ ကီလိုမီတာ သတ်မှတ်လိုက်သည်။ ၁၉၇၂ခုနှစ်တွင် ငါးဖမ်းဇုန်ကို ကီလိုမီတာ ၈၀ တိုးချဲ့သတ်မှတ်သည်။ ၁၉၇၅-၇၆ ခုနှစ်တွင် ငါးဖမ်းဇုန်ပိုင်နက်ကို ကီလိုမီတာ ၃၂၀အထိ ထပ်မံ တိုးချဲ့လိုက်ပြန်သည်။ ၁၉၈၅ခုနှစ်တွင် အိုက်စလန်နိုင်ငံက နျူကလီးယား ကင်းမဲ့ဇုန် ကြေညာသည်။ ၁၉၉၂ ခုနှစ်တွင် အိုက်စလန်နိုင်ငံက နိုင်ငံတကာ ဝေလငါးဖမ်းဆီးရေးကော်မရှင်(အိုင်ဒဗလျူစီ)က နုတ်ထွက်သည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာတွင် အိုင်ဒဗလျူစီက အိုက်စလန်နိုင်ငံကို တင်းပြည့် အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံသည်။

စောင့်ရှောက်

၂၀၀၆ခုနှစ် စက်တင်ဘာ၃၀ရက်တွင် အိုက်စလန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အပြီးတိုင် ရုပ်သိမ်းသွားသည်။ နေတိုးမဟာမိတ် အဖြစ်ဖြင့် အိုက်စလန်နိုင်ငံကို ကာကွယ်စောင့်ရှောက်မည်ဟု အမေရိကန်က ကြေညာသည်။

သဘောတူ

၂၀၀၇ခုနှစ် ဧပြီလတွင် အနာဂတ်ရေးနှင့် ခေတ်ဆွေ့တင်ပို့မှု လုံခြုံရေးအတွက် အိုက်စလန်နှင့် နော်ဝေတို့ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် သဘောတူကြသည်။

ကာကွယ်စောင့်ရှောက်

၁၉၄၄ခုနှစ်တွင် လွတ်လပ်ရေးရရှိလာသည့် အိုက်စလန်သမ္မတနိုင်ငံတွင် ရာစုနှစ်များနှင့်ချီ၍ နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့၏ အုပ်ချုပ်မှုကိုခံခဲ့ရသည်။ လက်အောက်ခံဘဝတွင်အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ရပြား ဤနိုင်ငံသည် ဤခေတ် ဤအခါ၌ မိမိ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လက်မနေးသည့် နိုင်ငံ ဖြစ်သည်။

ပြဌာန်း

ထို့ကြောင့်ပင် အိုက်စလန်သမ္မတနိုင်ငံသည် ၎င်း၏ တံငါသည်များအား အကာအကွယ်ပေးရန်၊ နိုင်ငံခြားငါးဖမ်းသင်္ဘောများအား တားဆီးပိတ်ပင်တားရန် ယင်း၏ရေပိုင်နက်ကိုသုံးလေးကြိမ် တိုးချဲ့သတ်မှတ် ပြဌာန်းခဲ့သည်။ အိုက်စလန်သမ္မတ နိုင်ငံသည် ယခုတိုင် ဥရောပသမဂ္ဂ(အီးယူ) အပြင်ဘက်၌ ရပ်တည်နေသေးသည်။ နိုင်ငံအနေဖြင့် လက်နက်ကိုင်တပ်မရှိသော်လည်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၁၉၈၅ခုနှစ်တွင် နျူကလီးယားကင်းမဲ့ဇုန်အဖြစ် ကိုယ်တိုင် ကြေညာသည်။

> **လက်အောက်ခံဘဝတွင် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ရပြား ဤနိုင်ငံသည် ဤခေတ် ဤအခါ၌ မိမိ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လက်မနေးသည့်နိုင်ငံ ဖြစ်၏။**

ဖြန့်ကြက်

နောက်ဆုံးအမေရိကန်တပ်ဖွဲ့သည် အိုက်စလန်သမ္မတနိုင်ငံမှ ၂၀၀၆ခုနှစ် စက်တင်ဘာတွင် ထွက်ခွာသွားသည်။ တကယ်တော့ အမေရိကန်တပ်များသည် ဒုတိယကမ္ဘာစစ်ကြီးကတည်းက တောက်လျှောက် ဤနိုင်ငံ၌ တပ်ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

ကန့်သတ်မှုများ

အစဉ်အဆက် ဝေလငါးဖမ်းလာသည့် ဤနိုင်ငံသည် ကန့်သတ်မှုများမည်သို့ပင်ရှိစေ စီးပွားဖြစ် ပြန်လည်ဖမ်းမည်ဖြစ်ကြောင်း ၂၀၀၆ခုနှစ်တွင်ကြေညာသည်။ ပြည်ပပို့ကုန်တွင် ငါးတင်ပို့မှုမှာ အများအပြားပါဝင်သော်လည်း ယခုအခါ ယင်းလုပ်ငန်းမှ ဂျီဒီပီ၏ ၁၀ရာခိုင်နှုန်းပင် မကျော်တော့ပေ။

မြှုပ်နှံ

အိုက်စလန်သမ္မတနိုင်ငံ၏စီးပွားရေးမှာ အခြားသော ကဏ္ဍများ၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် တစ်ဟုန်ထိုး တိုးတက်လျက်ရှိသည်။ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး ပြုပြင် ပြောင်းလဲမှုက စီးပွားရေးအကြီးအကျယ် ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုသည်။ ဤနိုင်ငံ၏ စီးပွားရေး လုပ်ငန်းက ပြည်ပ၌လည်း အရင်းအနှီးများစွာ မြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

ပါဝင်

အိုက်စလန် ပြည်သူများသည် ကမ္ဘာပေါ်၌ နေထိုင်မှုအဆင့်အတန်းအမြင့်ဆုံးခံစားနေကြရသည့်သူများတွင် ပါဝင်နေပေပြီ။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၆-၃-၂၀၀၈

နီပေါကလေးငယ်များ ပိုလီယိုကင်းဝေးရေးစတင်

နီပေါနိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးငယ်များ ပိုလီယိုရောဂါဖြစ်ပွားမှု ကျဆင်းရေးကို စတင်ဆောင်ရွက်လျက်ရှိကြောင်း နီပေါနိုင်ငံမှ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် နီပေါနိုင်ငံတောင်ပိုင်းဒေသရှိ ခရိုင်ပေါင်း၂၀၌ စတင်ခြင်းဖြစ်ပြီး ငါးနှစ်အတွင်း ပိုလီယိုရောဂါ ကင်းဝေးအောင် ကြိုးစားအကောင်အထည် ဖော်သွားမည်ဖြစ်သည်။

ဂျာမနီနှင့်ရုရှား ကုန်တင်လေယာဉ် တိုးချဲ့ပျံသန်းမည်

ဂျာမနီနှင့် ရုရှားနိုင်ငံတို့အနေဖြင့် ကုန်တင်လေယာဉ်ခရီးစဉ်များ ပိုမိုတိုးချဲ့ပျံသန်းရေးနှင့် ပတ်သက်၍ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါသဘောတူညီမှုအရ နှစ်နိုင်ငံပုံမှန်ပျံသန်းနေသော မြို့ကြီးများမှတစ်ဆင့် အခြားမြို့ကြီးများသို့လည်း တိုးချဲ့ပျံသန်းမည်ဖြစ်သည်။

ကမ္ဘာ့ရေနံဈေးနှုန်း အနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း အနည်းငယ်ကျဆင်းသွားကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

အမေရိကန်ဈေးကွက်၌ ရေနံတစ်စည်လျှင် ယခင်ရက်က အမေရိကန်ဒေါ်လာ ၁၁၁ ဒေါ်လာမှ အမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၃၃ ဒေါ်လာသို့ ကျဆင်းခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

တရုတ်နှင့် ရုရှားအရေးပေါ် တယ်လီဖုန်းလိုင်းဖွင့်

တရုတ်နှင့်ရုရှား နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများအနေဖြင့် တိုက်ရိုက်အရေးပေါ်တယ်လီဖုန်းလိုင်းကို စတင်ဖွင့်လှစ်လိုက်ကြောင်း နှစ်နိုင်ငံအရာရှိများက ပြောကြားသည်။

အဆိုပါ တယ်လီဖုန်းလိုင်းသည် နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာအရေးပေါ်ကိစ္စ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ထားရှိခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရုရှားဒုံးပျံတစ်စင်း ပျက်ကျ

ရုရှားနိုင်ငံ ဘိုင်ကနူအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသည့် ဒုံးပျံသည် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ပျက်ကျသွားခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အဆိုပါဒုံးပျံသည် အေအမ်စီ-၁၄ အမည်ရှိ ဂြိုဟ်တုကို သယ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနီးတွင် ရစ်ချ်တာစကေး ၆ဒသမ၂ရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒအရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်ကြောင့် ဂျာဗားကျွန်းရှိ အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

ပါရီ နိုင်ငံတကာ ခရီးသွားပြပွဲစတင်

ပြင်သစ်နိုင်ငံ၌ ပထမဆုံးကျင်းပသည့် ပါရီနိုင်ငံတကာ ခရီးသွားပြပွဲကို ပါရီမြို့တွင် စတင်ကျင်းပသည်။

အဆိုပါ ပါရီနိုင်ငံတကာခရီးသွားပြပွဲသို့ ကမ္ဘာ့နိုင်ငံအများအပြားက ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးသမား ၁၅၀၀၀ခန့် ပါဝင်ဆင်နွှဲကြသည်။

ဟစ်ဇ်ဘိုလာတို့ကို အားမပေးရန် အစ္စရေးတို့သတိပေး

အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ရေး ဟစ်ဇ်ဘိုလာတို့ကို အားပေးအားမြောက်မပြုရန် ဆီးရီးယားအား အစ္စရေးတို့က သတိပေးလိုက်သည်။

အစ္စရေးကို တိုက်ခိုက်ရန် ဟစ်ဇ်ဘိုလာတို့အား အီရန်နှင့် ဆီးရီးယားတို့က ထောက်ပံ့မှုများပေးနေကြောင်း အစ္စရေးတို့က စွပ်စွဲထားသည်။



ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနောက်ပိုင်း မော့လိတ်အရပ်ရှိ သိမ်းမြစ်အတွင်း၌ ၁၉၂၆ ကတည်းကစတင်ကာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် လှေလှော်ပြိုင်ပွဲ ကျင်းပနေပုံကို မတ် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်)

ဘဝဒဿန အမြင်

* *Sincere words are not grand.*
ရိုးသားသော စကားလုံးများသည် ခမ်းနားထည်ဝါခြင်းမရှိ။
လောင်ရှီး
(အတွေးအခေါ်ပညာရှင်)

* *We can do anything we want to do if we stick to it long enough.*
အလုပ်တစ်ခုကို တစိုက်မတ်မတ်လုပ်ဆောင်ပါက လိုရာပန်းတိုင်ရောက်နိုင်သည်။
ဟယ်လင်ကဲလား
(စာရေးဆရာမနှင့်ကထိက)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့ကို ပြိုင်ဘက် ဟီလာရီကလင်တန် ဝေဖန်တိုက်ခိုက်

ဝါရှင်တန် မတ် ၁၆

အထက်လွှတ်တော်အမတ် ဟီလာရီက ရေနံကုမ္ပဏီများ အမြတ်များများရယူနေခြင်းအပေါ် မတ် ၁၄ရက်တွင် ဝေဖန်လိုက်ပြီး ရေနံကုမ္ပဏီများက အမြတ်ခွန်ကောက်ခံမှု လျှော့ချရေးကို ထောက်ခံကြသည့်အတွက် ပြိုင်ဘက် အထက်လွှတ်တော်အမတ် အိုဘားမားနှင့် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းတို့ကို ဝေဖန်တိုက်ခိုက်လိုက်သည်။

ထောက်ခံမဲပေး

အိုဘားမားနှင့် မက်ကိန်းတို့သည် ရေနံကုမ္ပဏီများအပေါ် အမြတ်ခွန်ကောက်ခံမှု လျှော့ချဖြတ်တောက်ရေး ဥပဒေကြမ်းကို ထောက်ခံမဲပေးလိုက်ကြပြီး ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ္စဘတ်၌ ထောက်ခံသူများအား မဲဆွယ်စည်းရုံးစဉ် ဟီလာရီ**(ယာပုံ)**က ပြောကြားလိုက်သည်။

ဝေဖန်ပြောကြား

အက်ဇွန်မိုဘိုင်းကော်ပိုရေးရှင်း၏ နှစ်ပတ်လည်အမြတ်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ရရှိမှုကို ကိုးကားပြီး ဟီလာရီက ဝေဖန်ပြောကြားခြင်း ဖြစ်သည်။

ရန်ပုံငွေထူထောင်

ကျောက်ဖြစ်ရုပ်ကြွင်းမဟုတ်သည့် လောင်စာအရင်းအမြစ်များ ရှာဖွေရေး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀မတည်လျက် မဟာဗျူဟာစွမ်းအင်ရန်ပုံငွေ ထူထောင်မည်ဖြစ်ကြောင်း ဟီလာရီက ပြောကြားသည်။

အမေရိကန်အစိုးရသစ်အနေဖြင့် လေနှင့်နေရောင်ခြည်စွမ်းအင်ကဲ့သို့သော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကင်းသည့် အစားထိုးစွမ်းအင်အရင်းအမြစ်များ ရှာကြံသုံးစွဲရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း ဟီလာရီကလင်တန်က တိုက်တွန်းပြောကြားသည်။

မဲဆွယ်စည်းရုံး

လောလောဆယ်တွင် ဟီလာရီသည် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း နေရာအတွက် အိုဘားမားနှင့်အကြိတ်အနယ် မဲဆွယ်စည်းရုံးနေရချိန်ဖြစ်ပြီး ရီပတ်ဘလီကင်သမ္မတလောင်းဖြစ်သည့် ဂျွန်မက်ကိန်းကိုပါ ခဲတစ်လုံးနှင့် စာနှစ်ကောင် ပစ်လိုက်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

တရုတ်သမ္မတ ဟူကျင်တောင်အား ပြန်လည်ရွေးချယ်တင်မြှောက်

ပေကျင်း မတ် ၁၆

ဟူကျင်တောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ပေကျင်းမြို့၌ မတ် ၁၅ရက်က ကျင်းပသော (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ညီလာခံက ပြန်လည်ရွေးချယ် တင်မြှောက်လိုက်သည်။

ရွေးချယ်တင်မြှောက်

အဆိုပါ မျက်နှာစုံညီအစည်းအဝေးက ဝူဘန်ဂိုအား တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်လိုက်ပြီး စီကျင်ပင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

ခန့်အပ်

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌများ အဖြစ် ဝမ်ကျောက်ဂို၊ လူယုံရှင်း၊ ယူယမ်ကျင်း၊ ဟန်ကျိဒီ၊ ဟွာကျန်မင်း၊ ချန်ကိုလီ၊ ကျို့တေနောင်၊ လီကျန်ဂို၊ အစ္စမေးလ်အီလီဝယ်ဒီ၊ ကျန်ချုချန်၊ ချန်ကျန်ကျိုင်း၊ ယန်ဂျွန်ကျီနှင့် ဆန်ဂိုဝီတို့အား ခန့်အပ်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အမြဲတမ်းကော်မတီအဖွဲ့ဝင် ၁၆၁ဦးကိုလည်း ရွေးချယ်တင်မြှောက်လိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပီပီပီခေါင်းဆောင် မစ္စတာဇာဒါရီ၏အမှု ပါကစ္စတန်တရားရုံးက ပယ်ဖျက်လိုက်ပြီ

အစ္စလမ္မာဘတ် မတ် ၁၆

ကွယ်လွန်သူ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို၏ ကျန်ရစ်သူခင်ပွန်းဇာဒါရီမှာ အဂတိလိုက်စားမှုဖြင့် ထောင်ထဲတွင် သုံးလေးနှစ် နေခဲ့ရသည်။

ယခုအခါ ပါကစ္စတန်တရားရုံးက အဂတိလိုက်စားမှု ခုနစ်မှုအနက် နောက်ဆုံးအမှုနှင့်ပတ်သက်၍ အမှုကို ပယ်ဖျက်လိုက်သည်။ ဤသည်မှာ ဘာနာဇီယာဘူတိုနှင့် သမ္မတပါဗက်ရှ်မူရှာရက်ဖ်တို့အကြား ပြီးခဲ့သည့်နှစ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

ထိုအမှုကို ပယ်ဖျက်လိုက်ခြင်းဖြင့် မစ္စတာဇာဒါရီ **(အောက်ပုံ)** သည် အများပြည်သူဆိုင်ရာ ရာထူးတာဝန်ကို ရယူနိုင်ပြီ ဖြစ်သည်။

မကြာမီက ရွေးကောက်ပွဲတွင် ပီပီပီခေါင်းဆောင် မစ္စတာဇာဒါရီသည် ဝင်ရောက်ယှဉ်ပြိုင်အရွေးမခံနိုင်ခဲ့။ ဝန်ကြီးချုပ်တာဝန်ယူမည်ဟု ဆုံးဖြတ်လျှင် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်နိုင်သည်။

ဝန်ကြီးချုပ်တာဝန်ယူရန် သူ စိတ်မဝင်စားဟု ၎င်းက မူလပြောကြားထားသော်လည်း ယခုအခါ ထိုရာထူးကိုသူယူမည်ဟု မျှော်လင့်ရကြောင်း ပါတီတွင်းအဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြောက်ပိုင်း၌ ရှိးရာ ဆင်အလှပြပွဲတော်၌ ဆင်များအား သစ် သီး နှင့် ဟင်းသီး ဟင်းရွက်များ ကျွေးနေ သည် ကို မတ် ၁၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်ကို အမေရိကန်တို့ ကျူးကျော်ဝင်ရောက်မှု ခေတ်သစ်ကမ္ဘာတွင် အကြီးမားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုဟုဆို

ပေကျင်း မတ် ၁၆

အမေရိကန်နိုင်ငံသည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ စံနှုန်းနှစ်မျိုးထားရှိကြောင်းဖြင့် တရုတ်နိုင်ငံက စွပ်စွဲလိုက်သည်။ တရုတ်အစိုးရသည် အာဏာရှင်ဆန်သည့် အစိုးရဖြစ်ကြောင်း အမေရိကန်အစီရင်ခံစာ၌ ဖော်ပြထားခြင်းကို တုံ့ပြန်ရာ၌ တရုတ်နိုင်ငံက အထက်ပါအတိုင်း စွပ်စွဲခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံအတွင်း အကြမ်းဖက် ရာဇဝတ်မှုများ တိုးပွား လာခြင်းမှာ ပြည်သူတို့၏ ဘဝ၊ လွတ်လပ်မှုနှင့် ပုဂ္ဂလိက လုံခြုံမှုကို အကြီးအကျယ် ထိပါးခြိမ်းခြောက်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန် နိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းနှစ်မျိုးထားရှိမှုနှင့်အခြားနိုင်ငံများ၏ပြည်တွင်းရေးကို မှားယွင်းစွာ စွက်ဖက်နေမှုကို ရပ်စဲသင့်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံကို အမေရိကန်တပ်များ ကျူးကျော်ခြင်းဖြင့် ခေတ်သစ်ကမ္ဘာတွင် အကြီးဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှု၊ လူသားချင်း စာနာမှု အဆိုးဆုံးထိပါးနှောင့်ယှက်မှုပေါ်ပေါက်စေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြလိုက်သည်။ **(အင်တာနက်)**

ကင်ညာရွေးကောက်ပွဲ စနစ်ကောင်းမွန်ရေး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေး

နိုင်ရိုဘီ မတ် ၁၆

ကင်ညာနိုင်ငံ၏ အငြင်းပွားဖွယ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ရွေးကောက်ပွဲ ပြဿနာစုံစမ်းစစ်ဆေးမည့် ကျွမ်းကျင်သူများအဖွဲ့ကို ဦးဆောင်ရန် တောင်အာဖရိက နိုင်ငံ နိုင်ငံတော်တရားသူကြီးဟောင်း ဂျိုဟန်ခရိုက်လာအား ခန့်အပ်လိုက်သည်။

ရွေးကောက်ပွဲ မဲလိမ်မှုစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်တရားသူကြီးဟောင်း မစ္စတာ ခရိုက်လာနှင့် အဖွဲ့ဝင်ခြောက်ဦးတို့က လူသိရှင်ကြား စုံစမ်းစစ်ဆေးကြမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် မဲလိမ်ပြီး သမ္မတ ကီဘာကီအနိုင်ယူသွားခြင်း ဖြစ်ကြောင်း အတိုက်အခံတို့က စွပ်စွဲသည်။ သို့သော် ယခုအခါ အာဏာခွဲဝေယူရန် နှစ်ဖက်စလုံးက လက်ခံပြီး ကျေအေးသွားသည်။ ရွေးကောက်ပွဲအပြီးတွင် အကြမ်းဖက်မှုများပေါ်ပေါက်ပြီး ပြည်သူ ၁၅၀၀ သေဆုံးကာ ၆၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

နိုင်ငံတော်တရားသူကြီးဟောင်း မစ္စတာ ခရိုက်လာနှင့် အဖွဲ့သည် လာမည့်ရက်သတ္တပတ်တွင် စတင်စစ်ဆေးကြမည်။ အနာဂတ်တွင် ယင်းသို့ မဖြစ်စေရန် ကင်ညာရွေးကောက်ပွဲစနစ်ကို မည်သို့ ပြုလုပ်ရမည် ဆိုသည်ကိုလည်း ဤအဖွဲ့က ခြောက်လအတွင်း ထောက်ခံတင်ပြရမည်ဖြစ်သည်။ **(အင်တာနက်)**

ဂရိနိုင်ငံ အေသင်မြို့အနောက်တောင်ပိုင်းရှိ ပရီဂို့စ်မြို့အနီး၌ ကုန်တင်မီးရထားတစ်စင်း တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်အသင်းနည်းပြများရဲ့ သည်းထိတ်ရင်ဖိုစကားများ

လန်ဒန် မတ် ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၃၀)ကို မတ်၁၅ရက်က ယှဉ်ပြိုင်သွားကြတဲ့အခါ နာမည်ကြီးမန်ယူတို့ တန်းစီဇယားအောက်ဆုံးက ဒါဘီကိုနိုင်ပွဲရအောင် အသည်းအသန်းကစားခဲ့ရသလို အာကြီးတို့ကလည်း အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို သရေပွဲဖြစ်အောင် ခက်ခက်ခဲခဲကစားခဲ့ရတာမို့ ဒီပွဲတွေဟာ ပွဲကြီးပွဲကောင်းတွေဖြစ်ခဲ့ပါတယ်။

ပရီမီယာလိဂ်ဖလားကို အပြိုင်မျှော်မှန်းနေကြတဲ့ မန်ယူနဲ့အာကြီးတို့ရဲ့နည်းပြတွေ ပွဲအပြီး ပြောစကား

"ဖလားရရေး ရှေ့တစ်လှမ်း တိုးနိုင်ပြီ"
ဖာဂူဆန်။

ကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ပိုင်ပိုင်နိုင်နိုင်

ဒါဘီအသင်းကို အနိုင်ယူခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်က "ဒါဘီအသင်းကိုဒီလောက်ကစားနိုင်လိမ့်မယ်လို့ လုံးဝမထင်ထားမိခဲ့ဘူး၊ ချယ်လ်ဆီးတို့ ခြောက်ဂိုး–တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ ဒါဘီကိုကျွန်တော်တို့ ဂိုးပြတ်သွင်းနိုင်လိမ့်မယ်လို့ စိတ်ထဲမှာ မှန်းထားခဲ့တာပါ။ ဒါပေမယ့် ဒါဘီတို့ကစားသွားပုံက အံ့အားသင့်စရာပါပဲ။ အသင်းလိုက် ကစားအားရော တစ်ဦးချင်းရော ပြောစရာ မရှိပါဘူး။ ကျွန်တော့် တိုက်စစ်မှူးတွေ အခွင့်အရေး ကောင်းအချို့ကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်တာလည်းပါတယ်။ ဒါပေမယ့် ကျွန်တော့် ဂိုးသမားဖော်စတာ အစွမ်းပြသွားတာ အသိအမှတ် ပြုရမှာပါ။ သူဒီပွဲမှာ အကောင်းဆုံး ကစားသွားနိုင်ပါတယ်။ ဒီပွဲရလဒ်ကတော့ တကယ့်ကို ထိုက်တန်တဲ့ရလဒ်လို့ ပြောချင်ပါတယ်။ ဒီပွဲနိုင်လိုက်တာမို့ ပရီမီယာလိဂ်ဖလားရရှိရေးအတွက် ရှေ့ကိုခြေတစ်လှမ်းတိုးမြှင့်လှမ်းနိုင်ခဲ့တာပါပဲ"လို့ ပြောကြားသွားပါတယ်။

ကံမကောင်းခဲ့

မန်ယူကို ရှုံးခဲ့တဲ့ ဒါဘီနည်းပြ ပေါ်ဂျူးဝဲလ်ကတော့ "ဘယ်အသင်းမဆို ပွဲတိုင်းအနိုင်ရချင်တာချည်းပါပဲ။ ဒီပွဲမှာ ကျွန်တော့်လူတွေ အကောင်းဆုံးကစားသွားနိုင်ပေမယ့် ကံမကောင်းခဲ့ပါဘူး"လို့ ပြောကြားခဲ့ပါတယ်။

ကြိုးစားကစား

ဒီလိုပါပဲ အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို သရေပွဲဖြစ်အောင် ခက်ခက်ခဲခဲကစားခဲ့ရတဲ့ အာကြီးနည်းပြ အာစင်ဝင်းဂါးကတော့ "ဒီပွဲရလဒ်က ခါးသီးစရာပါပဲ။ ဒီလို အခြေအနေမျိုးမှာ ဒီရလဒ်မျိုး အိမ်ကွင်းမှာ မဖြစ်သင့်ပါဘူး၊ မစ်ဒယ်ဘရော့ ခံစစ်ကြောင်းကလည်း ဒီပွဲမှာ သိပ်ကောင်းနေတယ်၊ ကျွန်တော့် တိုက်စစ်မှူးတွေ ဘယ်လိုမှ ဂိုးသွင်းလို့မရဘူး၊ ကျွန်တော့်လူတွေ ဒီနေ့ပွဲမှာ အမှားအယွင်းမရှိကစားသွားနိုင်တာမို့ အပြစ်ပြောစရာတော့ မရှိပါဘူး၊ မစ်ဒယ်ဘရော့ ကစားသွားတာလဲ ကောင်းပါတယ်။ ရပြီးတဲ့ဂိုးကို ပြန်မပေးရရေးထိန်းကစားနိုင်ကြတယ်။ ဒီပွဲရလဒ်ကြောင့် ကျွန်တော်တို့ရဲ့ ပရီမီယာလိဂ်ဖလားရယူရေးမျှော်မှန်းချက်

"ရလဒ်က ခါးသီးစရာပါ"
အာစင်ဝင်းဂါး။

ကို နည်းနည်းတော့ ထိခိုက်သွားတယ်ဆိုတာ ဝန်ခံပါတယ်။ နောက်ပွဲတွေမှာ ဒီလိုမျိုးမဖြစ်အောင် ကြိုးစားကစားသွားရတော့မှာပါ"။

မစ်ဒယ်ဘရော့ နည်းပြ ဆောက်ဂိတ်ကတော့ "အာဆင်နယ်လိုအသင်းကို သူ့ကွင်းမှာ သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့တာကလည်း ကျေနပ်စရာရလဒ်ပါ၊ ကျွန်တော့်လူတွေ စောစောစီးစီး ရထားတဲ့ဂိုးကိုသာ ထိန်းထားနိုင်ခဲ့ရင် ဒီပွဲရလဒ်က မှတ်တမ်းဖြစ်သွားနိုင်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ။

မောင်မောင်မြင့်ဆွေ

အီတလီစီးရီးအေပွဲစဉ်များယှဉ်ပြိုင် ရိုးမားက နောက်ကျဂိုးဖြင့်အေစီကိုအနိုင်ယူ

ရောမ မတ် ၁၆

အီတလီစီးရီးအေပွဲစဉ်(၂၈)ဘောလုံးပြိုင်ပွဲကို မတ်၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားက အိမ်ကွင်း၌ အေစီမီလန်ကို နောက်မှဂိုးများလိုက်သွင်းပြီး ရမှတ်သုံးမှတ် ရယူလိုက်သည်။

ပွဲစသည်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ခြေစွမ်းညီနေကြသဖြင့် ပထမပိုင်း ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ပေ။

ဦးဆောင်ဂိုးသွင်း

ဒုတိယပိုင်း ပြန်စပြီး ၁၅မိနစ်အကြာ အေစီမီလန်တိုက်စစ်မှူး ကာကာက အေစီမီလန်အသင်း အတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ရိုးမားတို့ ချေပဂိုးသွင်းယူနိုင်ရေး ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ဂျူဒိုဗစ်ဂူလီနှင့် ဗူစီနစ်တို့က တစ်ဂိုးစီ ဆက်တိုက်သွင်းယူပေးခဲ့ကြသည်။

အကြိတ်အနယ်

အေစီသို့ ပြန်လည်ချေပနိုင်ရန် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း

ရိုးမားအသင်း ဒုတိယမြောက်ဂိုးကို ဗူစီနစ်(ဝဲ)က ဤသို့ သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ပွဲအပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။

လေးပွဲဆက်တိုက်နိုင်

ရိုးမားအသင်းသည် အေစီကို အနိုင် ရလိုက်၍ စီးရီးအေတွင် လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

သုံးမှတ်သာကွာ

ရိုးမားတိုက်စစ်မှူး တော့တီက ပွဲမစမီကပင် အေစီမီလန်အသင်းကို အနိုင်ကစားသွားမည်ဖြစ်ကြောင်း ကြွေးကြော်ထားခဲ့သည်။ ရိုးမားအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အင်တာမီလန်အသင်းထံမှ စီးရီးအေဖလား လွှဲပြောင်းယူရန် ကြိုးစားလာသည်။ ရိုးမားတို့ ၂၇ပွဲကစား အမှတ်ပေး ဇယားထိပ်ဆုံးရောက် အင်တာမီလန်အသင်းနှင့် သုံးမှတ်သာ ကွာတော့သည်။ **(အင်တာနက်)**

ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ် ပစီဖိတ် လိုက်ဖ်အိုးပင်းတွင် အနိုင်ရ

ကယ်လီဖိုးနီးယား မတ် ၁၆

ဆားဘီးယားမှ ကမ္ဘာ့နံပါတ်(၄) အဆင့်ရှိ တင်းနစ်မယ် ဂျန်ကိုဗစ်သည် ပစီဖိတ် လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ အက်ရှ်ရှာရိုလီအား ၆–၀၊ ၆–၂ဖြင့်နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ကစားမည်

ဂျန်ကိုဗစ်သည် တတိယအကျော့ပြိုင်ပွဲတွင် ဂျပန်မှ အိုက်ဆုဂီရာမာ သို့မဟုတ် စပိန်မှ အနာဘာယ်မက်ဒီနာနှင့် ကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် နှစ်ကြိမ် ချန်ပီယံဖြစ်ခဲ့ဖူးသည့် အမေရိကန်တင်းနစ်အားကစားမယ် လင်ဆေးဒေဗင်ပို့တ်သည် အာဂျင်တီးနား တင်းနစ်မယ်နှင့် ဆက်လက် ယှဉ်ပြိုင်ကစားလျက်ရှိသည်။ **(အင်တာနက်)**

အမှတ်ပေးဇယားကို ဦးဆောင်နေသောဘိုင်ယန်မြူးနစ် တန်းဆင်းဇုန်ရောက် ကော့ဘတ်စ်ကို နှစ်ဂိုးပြတ် ရှုံးနိမ့်

မြူးနစ် မတ် ၁၆

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၄) ဘောလုံးပြိုင်ပွဲကို မတ်၁၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တန်းဆင်းဇုန်နှင့် အနီးဆုံးနေရာ ရောက်နေသော ကော့ဘတ်စက အမှတ်ပေးဇယားထိပ်ဆုံးရောက် ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုးပြတ်သွင်းပြီး အောင်ပွဲခံခဲ့သည်။

အကြိတ်အနယ်

ကော့ဘတ်စ်အသင်းအတွက်အနိုင်ဂိုး နှစ်ဂိုးစလုံးကို ဘရန်ကိုဂျယ်လစ်က ပွဲချိန်၃၈မိနစ်အတွင်း သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးသွင်းယူရန် အကြိတ်အနယ် ကြိုးစားသော်လည်း ကော့ဘတ် ခံစစ်မှူးများ၏ တိုက်ဖျက်စွမ်းအားကို ကျော်လွှားနိုင်ခြင်း မရှိခဲ့ပေ။

အရှုံးဖြင့်ရင်ဆိုင်

ဘိုင်ယန်မြူးနစ် ကစားသမားများ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်နိုင်ရေး အာရုံစိုက်ကစားနေခြင်းကြောင့် အောက်တန်းအသင်း ကော့ဘတ်ကိုပင် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ဘိုင်ယန်မြူးနစ်တို့ ပြီးခဲ့သည့် ပွဲစဉ်၂၃ပြိုင်ပွဲတွင်လည်း အန်ဒါလက်ချ်အသင်းကို ရှုံးနိမ့်ခဲ့သည်။ ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ခြင်းသည် ဘိုင်ယန်မြူးနစ်တို့ ယူအီးအက်ဖ်အေဖလားအတွက် အဓိကအားထည့် ကစားနေသည်မှာ ထင်ရှားပေသည်။

ထိုနေ့က ဟမ်းဘတ်အသင်းက အိမ်ကွင်း၌ ဒေါ့မွန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အိမ်ကွင်း၌ အနိုင်ရလိုက်၍ အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှ ဘိုင်ယန်မြူးနစ်အသင်းနှင့် ငါးမှတ်အကွာဖြင့် လိုက်လာနိုင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

အင်တာနက် သတင်းအတိုအထွာ

- ❒ **မန်စီးတီးနည်းပြ အဲရစ်ဆင်သည် နယူးကာဆယ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ခွဲကျန်သေးသော တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား စာချုပ်ချုပ်ဆို ခေါ်ယူလိုကြောင်း ပြောကြားလိုက်သည်။**
- ❒ ပို့စ်မောက်နည်းပြဟာရီရက်နက်သည် ဝါဒါဘရီမင်အသင်းမှ အသက် ၂၃နှစ်အရွယ်ရှိ ဂျာမနီခံစစ်မှူး မာတီဆက်ကာအား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်း၌ ဖော်ပြသည်။
- ❒ **ဟယ်ရီကီးဝဲလ်သည် လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ၎င်းအား အသင်းမှ ထွက်ခွာခွင့်ပေးပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် ဆဲလ်တစ်အသင်းနှင့် စာချုပ်ချုပ်ဆိုလိမ့်မည်ဖြစ်သည်။**
- ❒ ဟာရီရက်နက်သည် ကျူပီအာရ်ကွင်းလယ်ကစားသမား ဘူဇာစကီကို ပေါင်နှစ်သန်းခွဲဖြင့် ခေါ်ယူရန် မျက်စိကျနေသည်။
- ❒ **ကျူပီအာရ်အသင်းပိုင်ရှင်များဖြစ်သည့် ဘရီယာတိုရီနှင့် အက်လက်စတုန်း တို့သည် ယခုဘောလုံးရာသီတွင် အင်တာမီလန်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ပေါ်တူဂီနှင့် ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမားဟောင်း လူးဝစ်ဖီဂိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။**
- ❒ စပါးအသင်းသည် စပိန်အသင်းမှ ပေါင်ရှစ်သန်းတန် အသက် ၂၆နှစ်ရှိ ဂိုးသမား ဒိုင်ဂိုလိုပက်ဇ်အား ခေါ်ယူရေးကို ဆိုင်းငံ့လိုက်သည်။
- ❒ **အီတလီမှ ဂျူဗင်တပ်စ်အသင်းသည် အသက် ၂၁နှစ်အရွယ်ရှိ မန်ယူ ခံစစ်မှူး ပီကေးအား ယခုနွေရာသီတွင် စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက် ရှိသည်။**
- ❒ မန်ယူ ခံစစ်မှူး ဂယ်ရီနဗီးလ်သည် ရိုးမားနှင့်ကစားရမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် အသင်း၏ ပထမလူစာရင်း၌ ပါဝင်ကစားနိုင်မည်ဟု ဆိုသည်။

ရီးရဲနောက်တန်းလူ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ ဒီပို့တီဗိုကို အရှုံးဖြင့် ရင်ဆိုင်ခဲ့ရ

မက်ဒရစ် မတ် ၁၆

စပိန်လာလီဂါပွဲစဉ်များကို မတ် ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားကို ဦးဆောင်နေသော ရီးရဲမက်ဒရစ်အသင်းသည် ဒီပို့တီဗိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

နိုင်ပွဲနှင့်လွဲခဲ့

လာလီဂါချန်ပီယံ ရီးရဲမက်ဒရစ်အသင်းသည် ၁၉၉၁ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ဒီပို့တီဗိုအသင်းနှင့် ကစားရာတွင် အနိုင်ရရှိခဲ့ခြင်းမရှိပေ။ ရီးရဲမက်ဒရစ်တို့ ဒီပို့တီဗိုအသင်းကို အနိုင်ကစားနိုင်ရန် ကြိုးစားခဲ့သော်လည်း ဒုတိယပိုင်းတွင် နောက်တန်း ကစားသမား ပီပီက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့၍ နိုင်ပွဲနှင့် လွဲခဲ့ရသည်။

ဦးဆောင်နေဆဲ

ရီးရဲမက်ဒရစ်တို့ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ဒုတိယနေရာမှ ဘာစီလိုနာအသင်းထက် ရှစ်မှတ်အသာရကာ အမှတ်ပေးဇယားကို ဦးဆောင်နေဆဲဖြစ်သည်။ **(အင်တာနက်)**

ကော့ဘတ်စ်အသင်းမှ ဆိုရင်ဆင် (ဝဲ)နှင့် ဘိုင်ယန်မြူးနစ်မှ လူစီယိုတို့ ဘောလုံးယှဉ်လုစဉ်။
(အင်တာနက်ဓာတ်ပုံ)

မှတ်တမ်းတင်
ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပံ့ပိုး နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာ၌ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်

● *ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ကို ဘက်စုံကဏ္ဍစုံက နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးကို အဓိကပင်မဒေါက်တိုင်တစ်ရပ်အဖြစ် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီမံကြိုးပမ်း

အထူးသဖြင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးတွင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရန်၊ စီးပွားရေးစွမ်းဆောင်ရည် ထက်မြက်မြင့်မားရန်၊ လုပ်သာကိုင်သာရှိရန် အဘက်ဘက်ကနေ အားပေးစောင့်ရှောက်ရင်း အမျိုးသားစီးပွားရေးဘဝကို နိုင်ငံတော်နှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက စီမံဖန်တီးနိုင်သည့် အခြေအနေ၊ စွမ်းအားတို့နှင့်ပြည့်စုံစေရအောင် စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအချိန်အခါတွင် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို စည်းရုံးဦးဆောင် ကြီးကြပ်ထိန်းကျောင်းပေးနေသည့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး ရှင်သန်ဖွံ့ဖြိုးနေခြင်းသည် နိုင်ငံ့အတွက် အားတက်စရာပင်ဖြစ်ကြောင်း။

အပြိုင်အဆိုင်

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မိမိတို့၏ အမျိုးသားဓနအင်အားတိုးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးတို့အတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ညီလာခံများတွင်ဆိုလျှင်လည်း ကမ္ဘာ့နိုင်ငံကြီးများသည် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား မနစ်နာစေရန်ကိုသာ အလေးထားဆောင်ရွက်နေကြသည့်အတွက် စီးပွားရေးဆိုင်ရာအထိန်းအကွပ်များ တိုးမြှင့်ရန်ကြိုးစားမှုများကတစ်ဖက်၊ ယင်းစီးပွားရေးဆိုင်ရာ အတားအဆီးများကို ဖြေလျှော့ပေးရန် တောင်းဆိုမှုများကတစ်ဖက်ဖြင့် အစဉ်အမြဲလိုလို အငြင်းပွားနေကြရသည်ကို တွေ့နေကြရကြောင်း။

ပိုမိုအားကောင်း

ယနေ့ နိုင်ငံတကာစီးပွားရေးအခြေအနေကိုကြည့်မည်ဆိုလျှင် တစ်ချိန်က ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးခြယ်လှယ်ခဲ့သည့် နိုင်ငံကြီးတချို့၏ စီးပွားရေးဩဇာသည် ယုတ်လျော့အားနည်းသည့်ဘက်ကို တူရူပြု ပြောင်းလဲလာနေသည့်အတွက် ပြန်လည် တည့်မတ်ထိန်းကျောင်းနေရသကဲ့သို့ စီးပွားရေးတစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာနေသော အင်အားစုအသစ်များလည်း တိုးပွားပေါ်ထွန်းလာလျက်ရှိသည့်အတွက် ပြိုင်ဆိုင်မှုများသည် ပိုမိုအားကောင်းလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ဤသို့ယှဉ်ပြိုင် ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန်အတွက် နိုင်ငံအချင်းချင်းသော် လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော် လည်းကောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လာနေကြသည်ကို တွေ့နိုင်ကြောင်း။

ကျယ်ပြန့်နက်ရှိုင်း

ဤအခြေအနေ အကြောင်းကြောင်းများကြောင့် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မလိုအပ်သည့် စိန်ခေါ်မှုအသစ်များ ဖြစ်ပေါ်နေသည့်ကြားထဲတွင် ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရနေသော နိုင်ငံကြီးတချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် စီးပွားရေးအရခွဲခြားဆက်ဆံမှုအမျိုးမျိုးပြုလုပ်ပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဖန်တီးလျက်ရှိနေကြောင်း။

အထူးသဖြင့် မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်နှင့် စီးပွားရေးအရ ပိတ်ဆို့ဟန့်တားမှု၊ ဖိအားပေးမှုများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကို ဦးတည်ပြီး စီးပွားရေးထိခိုက်နစ်နာအောင် တမင်ဖန်တီးနေချိန်တွင် မိမိတို့အချင်းချင်း ပိုမိုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အမျိုးသားရေးအကျိုးစီးပွားကိုသာ အလေးထားပြီး နိုင်ငံ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်ရောက်နေပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

ဤသို့အခြေအနေ အချိန်အခါတွင် နိုင်ငံ၏စီးပွားရေး တိုးပွားစည်ပင်အောင်၊ နိုင်ငံအတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေအောင်၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲနေအောင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ ပြည်ထောင်စုလမ်းမကြီးများ၊ လေယာဉ်ကွင်းများ တည်ဆောက်မှု၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာစခန်းများ တည်ဆောက်ဖွင့်လှစ်လုပ်ကိုင်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းရေကြောင်း၊ လေကြောင်းလိုင်းများ ထူထောင်လုပ်ကိုင်မှုအခွင့်အလမ်းများ များစွာ ဖန်တီးပေးလျက်ရှိကြောင်း၊ ထို့အပြင် သစ်တော၊ သတ္တု၊ ကျောက်မျက် စသည့် ကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ကိုင်ခွင့်များ တိုးချဲ့ပေးလျက်လည်းရှိကြောင်း။

အားပေးကူညီ

နိုင်ငံ၏ အချက်အချာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးအောင် အားပေးကူညီလျက်ရှိပါကြောင်း။

ထို့အပြင် ကုမ္ပဏီသစ်များ ထူထောင်မှု၊ လုပ်ငန်းလုပ်ကိုင်မှု၊ သက်တမ်းတိုးမှု၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်ရော ကုန်သွယ်မှုလုပ်ငန်းများတွင်ပါ နိုင်ငံတော်အစိုးရဌာနဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းလွယ်ကူ လျင်မြန်ချောမွေ့အောင် လုပ်နည်းစနစ် ဖြေလျှော့မှုများ ဖန်တီးပေးလျက်ရှိပါကြောင်း။

ပို့ကုန်သွင်းကုန် စိစစ်တင်သွင်းပို့ဆောင်မှုအပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်း၊ ကုန်ပစ္စည်းပို့ဆောင် တင်သွင်းထုတ်ယူမှုအပိုင်း၊ အခွန်ဘဏ္ဍာရှင်းလင်းပေးဆောင်မှုအပိုင်းအားလုံးတွင် မြန်ဆန်ချောမွေ့အောင် ဖန်တီးပေးထားသည့်အတွက် နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေသကဲ့သို့ နှစ်စဉ်တောက်လျှောက် ကုန်သွယ်မှုပိုငွေ ပြနေပြီလည်းဖြစ်ကြောင်း။

မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံ၏ ပထဝီအနေအထား အခြေအနေပေးမှုသည် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှု (Transit Trade)နှင့် ပြည်ပသို့ ပြန်လည်တင်ပို့မှု (Re-export)လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်သာမက ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်ပါ အခွင့်အလမ်းကောင်းများစွာကို ဖန်တီးပေးလျက်ရှိသည့်အတွက် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ဤအခွင့်အလမ်းများကိုဆုပ်ကိုင်ပြီး ကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် အမျိုးသားစီးပွားရေးကဏ္ဍ၌ ထုထည်ပမာဏကြီးမားစွာ ပါဝင်နေသော ပုဂ္ဂလိက ကဏ္ဍက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ၊ ဥပဒေနှင့် ညီညီညွတ်ညွတ်ဖြင့် အမြင်ကျယ်ကျယ်ထားပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပို့ကုန်များ နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးနှင့် ကိုက်ညီအောင်၊ ဈေးကောင်းရရှိအောင်၊ ဈေးကွက်သစ်များ ချဲ့ထွင်နိုင်အောင်၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်အောင်၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုးတက်တင်သွင်း

အလားတူပင် သွင်းကုန်အပိုင်းတွင် နိုင်ငံနှင့် ပြည်သူအကျိုး နစ်နာစေမည့် အရည်အသွေးမပြည့်မီသည့် အန္တရာယ်ရှိ ကုန်ပစ္စည်းများကို ရှောင်ရှားကြရန်လိုကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ စက်မှုကုန်ထုတ်လုပ်မှုကို အားပေးသည့် ကုန်စည်များကို တိုးတက်တင်သွင်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်နယ်၊တိုင်းများအတွင်း ကူးသန်းရောင်းဝယ်မှု(Internal Trading)၊ ပြည်ပ ကူးသန်းရောင်းဝယ်မှု(External Trading)တို့ကို ပိုမိုလုပ်ကိုင်နိုင်ပြီး ဈေးကွက်တွင် Supply / Demand အလိုအရဖြစ်စေ၊ နှိုင်းယှဉ်အကျိုး (Comparative Advantage)ရယူနိုင်ရေးအတွက်ဖြစ်စေ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို စနစ်တကျထိန်းကျောင်းဆောင်ရွက်နိုင်ရေးတွင် ကုန်စည်ဒိုင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်းအသီးသီးတွင်ရှိသည့် ကုန်စည်ဒိုင်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး၊ ကုန်သည်လုပ်ငန်းရှင်များအကျိုး၊ အတ္တနှင့်ပရ သင့်တင့်မျှတစွာ ထိန်းညှိဆောင်ရွက်ခြင်းအားဖြင့် ဈေးနှုန်းများ ကမောက်ကမဖြစ်မှုများ၊ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုကို ထိခိုက်စေသည့် မမှန်မကန်ဆောင်ရွက်မှုများကို လျှော့နည်းပပျောက်သွားအောင် ဆောင်ရွက်နိုင်စေရန် အသင်းချုပ်ကြီးက ကူညီကြပ်မတ်ထိန်းကျောင်းပေးရန် လိုပါကြောင်း။

ကုန်သွယ်မှု ဝန်ဆောင်မှုလုပ်ငန်းများနှင့် တစ်ပြေးညီ စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်ကြီးပွားရေးသည် နိုင်ငံ့စီးပွားရေးတွင် အလွန်အရေးကြီးကြောင်း၊ နိုင်ငံ၏ စီးပွားရေးဘဝ ရေရှည်တိုးတက်ခိုင်မြဲရေးတွင် စက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းစေရန်လိုကြောင်း။

လွှဲပြောင်းလုပ်ကိုင်

ထို့ကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားအောင်၊ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်အောင်၊ တိုင်းပြည်၏ သယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာသုံးနိုင်သည့် တန်ဖိုးမြင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားအောင် စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ကြရန်၊ နိုင်ငံခြားဝင်ငွေရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ရေရှည် အကျိုးရှိသည့် စက်မှုကုန်ထုတ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံပိုင်အလုပ်ရုံ စက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းလုပ်ကိုင်စေရန် အသင့်ရှိနေကြောင်း။

ထို့အပြင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုပြီး နိုင်ငံတကာစီးပွားရေးတွင် ထိုးဖောက်ဝင်ရောက်နိုင်သည့် စွမ်းအားရှိစေရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ASEAN, BIMSTEC, GMS, ACMECS စသည့် အဖွဲ့အစည်းများတွင်ပါဝင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍကလည်း လိုက်လျောညီထွေစွာ တိုးမြှင့်ထိုးဖောက် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်း လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အတွေ့အကြုံ၊ အသိအမြင်ရှိပြီး ကမ္ဘာ့အဆင့်မီ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကုန်သည်ကြီးများဖြစ်စေရန်၊ လုပ်ငန်းရှင်ငယ်များကို လုပ်ငန်းရှင်ကြီးများ

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် အမျိုးသားစီးပွားရေးကဏ္ဍ၌ ထုထည်ပမာဏကြီးမားစွာပါဝင်နေသော ပုဂ္ဂလိက ကဏ္ဍက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ၊ ဥပဒေနှင့် ညီညီညွတ်ညွတ်ဖြင့် အမြင်ကျယ်ကျယ်ထားပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်။

*** ကျောဖုံးမှ**

အစည်းအဝေးတွင် မကွေးတိုင်းအတွင်း ခရိုင်နှင့်မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းမှုများကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်စာစောင်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြစ်စေရန်၊ လုပ်ငန်းရှင်ကြီးများကိုလည်း ကမ္ဘာ့အဆင့်မီလုပ်ကိုင်ဆောင်ရွက်နိုင်သူများဖြစ်ပြီး နိုင်ငံတကာကို ထိုးဖောက်ဆောင်ရွက်နိုင်စေရန်အတွက် ပြည်ပကုန်စည်ပြပွဲများ စေလွှတ်တက်ရောက်စေခြင်း၊ ပြည်တွင်း၌ကုန်စည်ပြပွဲများ ကျင်းပပေးခြင်း၊ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရေးအားပေးခြင်း၊ ကုမ္ပဏီကြီးများကို ပြည်ပတွင် ကုမ္ပဏီရုံးခွဲများ၊ ကိုယ်စားလှယ်ရုံးများဖွင့်လှစ်နိုင်ရေးအားပေးကူညီခြင်း၊ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်များတွင် ကုန်သည်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များကို လိုက်ပါစေပြီး ပြည်ပအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ထိတွေ့ဆွေးနွေးစေခြင်းစသည့် အားပေးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးကလည်း နိုင်ငံတော်၏ နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်နေမှု အစီအစဉ်များကို မိမိအသင်းဝင်များသိရှိပြီး လိုက်ဖက်စွာ ပူးပေါင်းပါဝင်နိုင်စေရအောင် မိမိအသင်းဝင်များကို နိုင်ငံတကာစီးပွားကုန်သွယ်မှုဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များ၊ အလေ့အထများ၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အမြဲမပြတ်သိရှိနေစေရအောင် ဆက်လက်ပြီး အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ကာကွယ်စောင့်ရှောက်

အထူးသဖြင့် နိုင်ငံတကာစီးပွားရေးလောက၏ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုများက ဖန်တီးလာသည့်စိန်ခေါ်မှုများ၊ မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တမင်ဖန်တီးလာသည့်ပိတ်ဆို့ဟန့်တားနှောင့်ယှက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရအောင်နှင့် အခြေအနေအချိန်အခါအရပ်ရပ်တွင် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွား၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စေရအောင် ရေရှည်မျှော်တွေးသည့် အစီအမံများ ချမှတ်ဆောင်ရွက်ထားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ရည်မှန်းချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားဓနအင်အား တိုးပွားခိုင်မာရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအခြေခံကောင်းများကို အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကတစ်ဆင့် ဖော်ဆောင်ပေးနိုင်ရန်ပင် ဖြစ်ကြောင်း။

နိုင်ငံ၏ ဓနအင်အားခိုင်မာမှု၊ နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အင်နှင့်အားနှင့် ပေါ်ထွန်းနေမှု၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှုအကြောင်းတရားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းတည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းကို ဖန်တီးပေးနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

ထည့်သွင်းသတ်မှတ်

အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် တည်ငြိမ်ခိုင်မာပြီး စွမ်းဆောင်ရည်ထက်မြက်သည့် စီးပွားရေးအခြေခံကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲတိုးတက် ဖြစ်ထွန်းစေရေးအတွက် အာမခံပေးနိုင်မည့် စီးပွားရေးဆိုင်ရာ အခြေခံမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ထည့်သွင်းထားပြီးဖြစ်ကြောင်း၊ ဤအခြေခံမှုများတွင် နိုင်ငံတော်၊ သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရန်၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုရန်၊ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုရန် စသည့် အချက်များကို ထည့်သွင်းသတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်နှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အာမခံနိုင်မည့် ယင်းအခြေခံမှုများအပါအဝင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံပြဋ္ဌာန်းချက်များဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးသည် နိုင်ငံသူနိုင်ငံသားအားလုံးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

အမျိုးသားရေးအသိ

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးနှင့် အသင်းဝင်များအားလုံးကလည်း မိမိတို့ရရှိသော မဲပေးပိုင်ခွင့် အခွင့်အရေးကို လက်လွတ်ဆုံးရှုံးမခံဘဲ အခြားသောပြည်သူများနည်းတူ အခြေခံဥပဒေမူကြမ်း အတည်ပြုရေးလုပ်ငန်းစဉ်ကြီးအောင်မြင်ဖြစ်ထွန်းစေရအောင်၊ အမျိုးသားရေးအသိဖြင့် တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အမြင့်ဆုံးသော NGOအသင်းကြီးဖြစ်သည့် အားလျော်စွာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဦးဆောင်စည်းရုံး ကူညီပံ့ပိုးဆောင်ရွက်ပေးရင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုနိုင်ပါစေ၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေး ပထမပိုင်းကို ရပ်နားလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အစည်းအဝေးပထမပိုင်း အစီအစဉ်များအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အစည်းအဝေးတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အစည်းအဝေးတွင် ခင်းကျင်းပြသထားသော နေပြည်တော်တွင် တည်ဆောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးပုံစံငယ်၊ အသင်းချုပ်၏ ပြည်တွင်း၊ ပြည်ပဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ဂုဏ်ပြုပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၁၆

ကမ္ဘောဇသာသနာ့ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ၊ နယ်သားများ၊အသင်းအဖွဲ့များပူးပေါင်းလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၉ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ရှမ်းပြည်နယ်မှ ဆရာတော် ၃၅ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၂ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ ဗိမာန်၌ကျင်းပမည်ဖြစ်ရာ လာရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ရှမ်းပြည်နယ်သူ၊ နယ်သားများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ရွှေတိဂုံစေတီတော်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် သောက်ရေသန့်ဘူးများဒါနပြုပွဲ

ရန်ကုန် မတ် ၁၆

၁၃၆၉ ခုနှစ် တပေါင်းလပြည့် (မတ်၂၁ရက်) သောကြာနေ့ ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျ သုခမ္မောရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၃)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း ငါးသောင်း(ကျပ်၄၅သိန်းဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ရှစ်သိန်းရှစ်သောင်းလှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း–၃၈၁၇၃၆နှင့် ဖုန်း–၃၈၃၅၁၁ လိုင်းခွဲ–၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီတော် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီး သောင်ကြီးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်မြတ်တွင် ရန်ကုန်တိုင်းသုဝဏ္ဏမြို့ အင်ကြင်းမြိုင်လမ်းနေ ဂေါပကဥက္ကဋ္ဌ ဦးကျော်ဝဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၅၃သိန်းဖြင့် ဘက်စုံသာသနိကအဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ပါ၍တန်ခူးလဆန်း ၄ရက် (ဧပြီ၉ရက်) နံနက်၉နာရီတွင် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ရာ ဖုန်း–၅၇၀၉၆၅၊ ၅၇၈၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်ဝေးရပ်နီးမှ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သာဓုအနုမောဒနာ ပြုနိုင်ကြသည်ဟု သိရသည်။ **(၁၂၅)**

ခရီးသွားနှင့် ကုန်စည်ပို့ဆောင်မှုလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၆

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ဦးမြင့်စိုး–၁ (ပြည်နယ်ဦးစီးမှူး၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)နှင့် ဒေါ်ညိုညိုအောင် (ပြည်နယ်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန) တို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့သည် ကျိုင်းတုံမြို့ပေါ်ရှိ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဂိတ်၊ ခရီးသည်တင်ဆောင်ဂိတ်စခန်းတွင် မတ်၁၃ရက်က ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကိုစစ်ဆေးခဲ့ကြသည်။ ယင်းသို့စစ်ဆေးရာ၌ ယာဉ်မောင်းများသတ်မှတ်ချက်နှင့် ညီညွတ်မှုရှိမရှိ၊ ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိမရှိ၊ ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းအောင် တင်ဆောင်မှုရှိမရှိ၊ ယာဉ်သက်တမ်းများကျော်လွန်ခြင်း ရှိမရှိ၊ ပြေးဆွဲနေသည့် ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲမောင်းနှင်နိုင်မှုအခြေအနေရှိမရှိ၊ လုပ်ငန်းလိုင်စင်များရှိမရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှုရှိမရှိတို့ကိုစစ်ဆေးပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များအား အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်များစည်းကမ်း စနစ်တကျမောင်းနှင်စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး(ကျိုင်းတုံ) က ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

မဟာရင်ဂိုဏ်းချုပ်ဆရာတော်ကြီး သက်တော်၉၀ပြည့်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

ရန်ကုန် မတ် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးစံပြကျေးရွာ မဟာရင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးနာယက နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဓမ္မယုတ္တိကနိကာယသံဃာ့ရာဇာမဟာရင်ဂိုဏ်းချုပ် ဆရာတော်ကြီး သက်တော် (၉၀)ပြည့် ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၂၂ ရက်)စနေနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်း စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူ တပည့်အပေါင်း ကြွရောက်ကြည်ညို ဩဝါဒခံယူကြပါရန် ဖိတ်ကြားထားသည်။ **(က–ပ)**

ထားဝယ်အသင်း ဂုဏာဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အစိုးရ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကပ်လှူပူဇော်ခြင်းခံရတော်မူသော ထားဝယ်ဆရာတော်ကြီးခုနစ်ပါးအား ထားဝယ်အသင်းက မတ်၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် အလုံမြို့နယ် အလုံလမ်း ဇမ္ဗူရတနာ ပါဠိတက္ကသိုလ် ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အသင်းသူ၊အသင်းသားများ ကြွရောက်ကြရန်နှင့် အသင်း ဖုန်း–၂၂၂၂၁၉ နှင့် ၇၀၃၀၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြို့ပြရေပေးရေး၊ရေစုကန် အမိုးပြုပြင်ဆောင်ရွက်မှု

ရန်ကုန် မတ် ၁၆

မိုးကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့ရေပေးရေး ပင်မရေလှောင်ကန် အမိုးပြုလုပ်တပ်ဆင်နေမှုကို မတ်၁ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများ ပြုပြင်ဆောင်ရွက်ခဲ့ကြရာ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အထည်ချုပ်စက်ရုံ ကြိုပို့ယာဉ်တိမ်းမှောက် ဝန်ထမ်း သုံးဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၆

မင်္ဂလာဒုံစက်မှုဇုန်ရှိ တာရှင်းအထည်ချုပ်စက်ရုံမှ ယာဉ်မောင်း ဝင်းညွှန့်မောင်းနှင်သည့် ဝန်ထမ်းကြိုပို့ ဘီအမ်ယာဉ်အမှတ် ဧ/၁၂၂၁သည် စက်ရုံဝန်ထမ်း ၃၃ဦးအား တင်ဆောင်၍ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးအတိုင်း လှည်းကူးမြို့မှ မင်္ဂလာဒုံစက်မှုဇုန်သို့မောင်းနှင်လာစဉ်မတ် ၁၅ ရက် နံနက် ၇ နာရီခန့်က မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအနီး အရောက်၌ အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး တိမ်းမှောက်ခဲ့သည်။

စောင့်ရှောက်

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဝန်ထမ်းများအနက်မှ မသန်းဌေး(၃၄)နှစ်၊ မစိုးစိုးအေး(၂၈)နှစ်နှင့် မဖြိုးဖြိုး(၂၅)နှစ်တို့ သုံးဦးသေဆုံးပြီး ၂၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအနက်မှ အတွင်းလူနာ ၁၀ဦးနှင့် ပြင်ပလူနာ ၁၇ဦးတို့အား မြောက်ဥက္ကလာပဆေးရုံကြီးတွင် ပို့ဆောင်ဆေးဝါးကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းအား ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇–၃–၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၇း၅၀	၅။	တေးဂီတအစီအစဉ်
၈း၀၀	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၁၀	၇။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀	၈။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၃၀	၉။	International News
၈း၄၅	၁၀။	ကြေးမုံရိပ်သွင်တေးနယဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရ တေးများ
၄း၂၀	၃။	**လုံ–လုံ–လုံ** ဖိုးဥာဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ် (ဒါရိုက်တာ–မလိခစိုးထိုက်အောင်)
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၀	၅။	နားဝင်ပီယံ သူ့လက်သံ
၄း၄၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) [ရသစာပေအရေးအသား]
၅း၀၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅	၈။	တေးဂီတအစီအစဉ်
၅း၃၀	၉။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၄၀	၁၀။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀	၁၄။	တေးဂီတအစီအစဉ်
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ် .... ချစ်တယ်** (အပိုင်း–၈)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	တေးဂီတအစီအစဉ်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း–၁၂)
	၂၁။	အစီအစဉ်ပြီး၏။

အင်တာနက် အားကစားဖောင်ပိတ်သတင်း

ဖူလ်ဟမ်တို့ အဖိုးတန် သုံးမှတ်ရ

လန်ဒန် မတ် ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၃၀) လက်ကျန်ပွဲများကို မတ် ၁၆ ရက်က ဆက်လက်ကစားရာ ဖူလ်ဟမ်နှင့် အဲဗာတန်တို့ပွဲတွင် အဲဗာတန်တို့ မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အိမ်ကွင်း၌ ဖူလ်ဟမ်တို့ ဂိုးသွင်းခွင့် ၁၀ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် နှစ်ကြိမ် ရရှိခဲ့ရာမှ ပွဲချိန် ၆၇မိနစ်၌ ညာထောင့်ကန်ဘောမှ တစ်ဆင့် ဖူလ်ဟမ်တိုက်စစ်မှူးမက်ဘရိုက်က ခြောက်ကိုက်အကွာမှ လှလှပပခေါင်းတိုက်သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ အဲဗာတန်တို့ အပိုင်ကန်သွင်းခွင့်လေးကြိမ် ရရှိခဲ့သော်လည်း တစ်ဂိုးမျှမသွင်းနိုင်ခဲ့ရာ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ဖူလ်ဟမ်တို့ အဖိုးတန်သုံးမှတ် ရရှိခဲ့သည်။

အခြားပွဲရလဒ်

ဝီဂန်	**၁ – ၀**	**ဘော်လ်တန်**

စီးရီးအေပွဲစဉ် (၂၈) ရလဒ်

အတ္တလန်တာ	**၄ – ၁**	**အမ်ပိုလီ**
ကာဂလီယာရီ	**၃ – ၀**	**တိုရီနို**
ဖီအိုရင်တီးနား	**၃ – ၁**	**ဂျီနိုအာ**
အင်တာမီလန်	**၂ – ၁**	**ပါလာမို**
လီဗော်နို	**၁ – ၁**	**ပါးမား**
ရက်ဂျီးနား	**၄ – ၀**	**ဆီနာ**
ဆမ်ဒိုးရီးယား	**၃ – ၁**	**ကာတာနီရာ**

ဤမှ . . . ထိုသို့ ချီတက်ကြပါစို့

အငြိမ်းစားဝန်ထမ်းတစ်ဦး

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၀ကျော်ရှိသည်။ ထိုနိုင်ငံအားလုံးသည် အချုပ်အခြာပိုင် နိုင်ငံများဖြစ်ကြသည်။ ထိုနိုင်ငံအသီးသီး၌ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေရှိကြသည်။ ထိုကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံအသီးသီးသည် မိမိတို့၏ လူ့အဖွဲ့အစည်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် တည်ဆောက်နေကြပေသည်။

မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်အောင် ရုန်းကန်ကြိုးပမ်းခဲ့ရသော နိုင်ငံဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း (၁၀၀)ကျော် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရရာမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိချိန်မှစ၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော အခြေခံဥပဒေဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်နှင့်အညီ မဲအများဆုံးရရှိသော နိုင်ငံရေးပါတီက ပါလီမန်ကိုကြီးစိုးခဲ့သည်။ နိုင်ငံတစ်ဝန်းလုံး၌ ဒီမိုကရေစီကျင့်စဉ် ထွန်းကားပြန့်ပွားအောင် လေ့ကျင့်ပျိုးထောင်ပေးရမည့်အစား အာဏာရနိုင်ငံရေးပါတီအတွင်း၌ပင် ဒီမိုကရေစီကျင့်စဉ်များ ဆိတ်သုဉ်းခဲ့သည်။ လေးနှစ်တစ်ကြိမ် ကျင်းပသော ရွေးကောက်ပွဲတွင် မိမိပါတီအာဏာ ဆက်လက်ရရှိရေးအတွက် နိုင်ငံရေးအပေးအယူများ လုပ်လာကြသည်။ ရွေးကောက်ပွဲကတိများ အလွန်အကျွံပေးပြီး မဲဆွယ်စည်းရုံးခဲ့ကြသည်။ နောက်ဆုံးတွင် ပါတီတွင်း အကွဲအပြဲ ဇာတ်လမ်းများ ပေါ်ပေါက်လာရုံမက ပြည်ထောင်စုကြီးပြိုကွဲမည်အထိ အန္တရာယ်ကြီးမားလာခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝေးသထက်ဝေးခဲ့ရသည်။

ဤသို့ဖြင့် ၁၉၆၂ ခုနှစ် မတ်လတွင် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီစနစ်၏ အနိဋ္ဌာရုံများကြောင့် ဆိုရှယ်လစ်စနစ်သို့ ဦးတည်ခဲ့ပြန်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ တစ်ပါတီဦးဆောင်သောစနစ်ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်များ မှေးမှိန်ခဲ့ရပြန်သည်။ ဗဟိုမှချုပ်ကိုင်သော စီမံကိန်းစီးပွားရေးစနစ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရုံမက ဝန်ထုပ်ဝန်ပိုးများ ပိလာခဲ့သည်။ တိုင်းပြည်မတည်မငြိမ်ဖြစ်လာစဉ် ပြည်တွင်းပြည်ပ ပယောဂများ ဝင်ရောက်ပူးကပ်မှုကြောင့် မြန်မာပြည်ကြီး မီးဟုန်းဟုန်းတောက်လုနီးပါး ဖြစ်ခဲ့ရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ကား ဝေးသထက်ဝေးနေဆဲဖြစ်သည်။ ဤသို့ဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပြန်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ရာ နိုင်ငံရေးမတည်မငြိမ်ဖြစ်ပြီး စီးပွားရေး ဆုတ်ယုတ်ပျက်ပြားသည့် ကာလတိုင်း၌ တပ်မတော်က ဝင်ရောက်တာဝန်ယူခဲ့ရကြောင်း တွေ့ရှိရသည်။ တပ်မတော်သည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးဆုတ်ယုတ် ပျက်ပြားမှုများမှ ကျော်လွှားလွန်မြောက်နိုင်အောင် ကြိုးပမ်းအားထုတ် ပေးရလေ့ရှိသည်။ ယင်းသည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ခဲ့ရသည့် သမိုင်းကွင်းဆက်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသည့် ခေတ်အပိုင်းအခြားများကိုကြည့်လျှင် ပါလီမန်ဒီမိုကရေစီခေတ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရသော ခေတ်ဟူ၍ တွေ့ရှိလာရသည်။

မျက်မှောက်ခေတ်တွင် ပြည်သူလူထု၏ အဓိကလိုအင်ဆန္ဒမှာ တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့ပင် ဖြစ်သည်။ ယင်းသည် တစ်မျိုးသားလုံး၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ဖြစ်သည်။ အဆိုပါ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်သို့ တက်လှမ်းရောက်ရှိနိုင်ရေးအတွက် တပ်မတော်က အမျိုးသားနိုင်ငံရေးကို ဖော်ဆောင်ပေးနေရခြင်း ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု ရရှိလာရုံမက ပြည်တွင်းငြိမ်းချမ်းရေးကိုပင် တည်ဆောက်ထားနိုင်ပြီဖြစ်သည်။ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကိုလည်း ရာနှုန်းပြည့်နီးပါး ဆိုရလောက်အောင် တည်ဆောက်ပေးထားခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီထွန်းကားရေးကို လမ်းညွှန်ပြဋ္ဌာန်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့် အတွေ့အကြုံဟူသည့် ရေခံ မြေခံတွင် ပေါက်ဖွားလာရစမြဲဖြစ်သည်။ ကမ္ဘာ့သမိုင်းဖြစ်စဉ်များအရ လက်ငင်း လက်တွေ့အလုပ်ဖြစ်သော ဒီမိုကရေစီနိုင်ငံများအဖြစ် ထူထောင်နိုင်ရန်အတွက် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ ကာလအထိ ကြိုးပမ်းအားထုတ်ခဲ့ရသည်။ အရှေ့အာရှဒေသတွင် နှစ်ပေါင်း ၄၀အချိန်ယူခဲ့ရသည်။ အဆိုပါ အချိန်ကာလများကို စစ်ပွဲများ၊ ပဋိပက္ခများ၊ ပြန်လည်ထူထောင်မှုများဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပေးဆပ်ကျော်ဖြတ်ခဲ့ကြရခြင်း ဖြစ်သည်။

နောက်ဆုံးတွင် အပြန်အလှန် ယုံကြည်ကိုးစားမှုက ဒီမိုကရေစီထက် အဆင့်မြင့်သည်။ အပြန်အလှန် ယုံကြည်ကိုးစားမှုမရှိဘဲ ဒီမိုကရေစီကို တည်ဆောက်၍မရနိုင်ဟူသည့်အဖြေကို တွေ့ရှိလာရသည်။ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်ကိုးစားမှုဖြင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များက အပြန်အလှန် ယုံကြည်ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုကျော်ဖြတ်ရမည့်အဆင့်မှာ ပြည်သူလူထုက အပြန်အလှန် ယုံကြည်ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးခြင်းပင် ဖြစ်သည်။ ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် အခြေခံဥပဒေဖြစ်သည်။

ဤနေရာတွင် ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲတို့၏ မတူညီသော သဘောသဘာဝကို ခွဲခြားရှုမြင်နိုင်ရန် အရေးကြီးလှသည်။

ဆန္ဒခံယူပွဲသည် မိမိ၏ အဓိကလိုအင်ဆန္ဒကို ဖော်ပြရခြင်းဖြစ်သည်။ တစ်နည်းပြောရသော် မိမိကိုယ်ကို မိမိ ရွေးချယ်ရခြင်း ဖြစ်သည်။ မိမိတို့၏ တူညီသောလမ်းကို မိမိတို့ပြဋ္ဌာန်းရခြင်း ဖြစ်သည်။ ရွေးကောက်ပွဲဟူသည်ကား မိမိကြိုက်နှစ်သက်သော ကိုယ်စားလှယ်ကို ရွေးချယ်ရခြင်းဖြစ်သည်။ မိမိသဘောကျသော နိုင်ငံရေးပါတီကို မဲပေးရခြင်းဖြစ်သည်။

ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်း အားလုံးနားလည်သဘောပေါက်ပြီး ဖြစ်သည်။ မိမိတို့၏ အဓိကလိုအင်ဆန္ဒမှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်နိုင်ရေးဖြစ်ကြောင်းလည်း သိရှိထားပြီးဖြစ်သည်။

သို့ဖြစ်ရာ တစ်ဆင့်ပြော၍ သိရသောစကား၊ မျက်ကွယ်ရာအရပ်၌ ပြောဆိုသောစကား၊ အစွန်းတရားနှစ်ပါးနှင့် မလွတ်ကင်းသောစကား၊ အမျက်ဒေါသ အာဃာတဖြင့် ပြောဆိုသောစကားများကြောင့် မိမိတို့၏ လိုအင်ဆန္ဒများ၊ အမှောက်မှောက်အမှားမှား အပျက်ပြား မခံသင့်ပေ။ ကဖျက်ယဖျက်၊ ဖျက်လိုဖျက်ဆီး လုပ်ခြင်းသည် အဖျက်သမားတို့၏ အလုပ်ဖြစ်သည်။ ၎င်းတို့အလုပ် ၎င်းတို့လုပ်နေခြင်းဖြစ်၍ မိမိတို့က ကကြိုးရုပ်အဖြစ် ကြိုးအရှုပ်မခံရအောင် ရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။

ယနေ့အချိန်သည် "ထို့ကြောင့်၊ ဤသို့"ဆိုသော စကားများဖြင့် ခေတ်ကို နောက်ပြန်ဆွဲနေရမည့် အချိန်ကာလမဟုတ်တော့ပေ။ "ဤမှ . . . ထိုသို့" ဆိုသော ဦးတည်ချက်ဖြင့် ခေတ်ကို ရှေ့သို့ပြေးအောင် ချီတက်ရမည့် အခါသမယပင် ဖြစ်သည်။ မိမိတို့အားလုံး တူညီသောလိုအင်ဆန္ဒများဖြင့် မဓောမပန်း လျှောက်လှမ်းလာခဲ့ကြရပြီးလေပြီ။ ဆက်လက်၍လည်း ချီလေတဲ့ချီလေ၊ ဤမြေမှသည် ဟိုတောင်တန်းသို့ ဖြတ်သန်းလို့ ကျော်လွှားကြရဦးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

ယခုအခါ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု ရရှိလာရုံမက ပြည်တွင်းငြိမ်းချမ်းရေးကိုပင် တည်ဆောက်ထားနိုင်ပြီ၊ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကိုလည်း ရာနှုန်းပြည့်နီးပါး ဆိုရလောက်အောင် တည်ဆောက်ပေးထားခဲ့ပြီးဖြစ်၊ ဒီမိုကရေစီထွန်းကားရေးကို လမ်းညွှန်ပြဋ္ဌာန်းပေးမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပဲခူးမြို့ ဝင်းနိမ္မိတာရုံစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမုနိဘိဝံသနှင့် ပဲခူးမြို့ ဆံတော်တွင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီဟညာဏာဘိဝံသ ဆရာတော်ကြီးနှစ်ပါးတို့အား ပဲခူးမြို့နယ်အသင်း(ရန်ကုန်)အသင်းသား၊ အသင်းသူများ၊ ပဲခူးမြို့သူ မြို့သားများ၊ ဒါယကာ ဒါယိကာမများနှင့် ဆရာတော်ကြီးများ၏ တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို (တပေါင်းလပြည့်ကျော် ၉ရက်)မတ် ၃၀ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့အဝင် ပဲခူး-ရန်ကုန်ကားလမ်းဘေး ခေါင်းဆေးကျွန်း ဝင်းနိမ္မိတာရုံ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်ကြပါရန်နှင့် လှူဒါန်းပူဇော်လိုသူများသည် ဦးညွန့်ဇော် (ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၃၆၄၆၄၊ ဦးဟန်ကြူ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၅၂-၂၂၅၀၉၊ ၀၉-၅၁-၂၀၂၃၇၊ ဦးသိမ်းလွင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၅၂-၂၄၂၂၁၊ ဦးစိုးညွန့်(အတွင်းရေးမှူး) ဖုန်း-၀၁-၃၉၂၀၈၉၊ ပဲခူးမြို့နယ်အသင်း(ရန်ကုန်)အက်(စ်)၁၁ ဒုတိယထပ် အောင်ဆန်းကွင်း မြောက်ဘက်တန်း ရန်ကုန်မြို့ ဖုန်း-၃၇၈၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၆၀)

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ၁၉၈၁ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်က တက္ကသိုလ်များ မွှာရုံ၌ ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားများက ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (က-ပ)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၆

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ သက်ကြီးမိဘဂါရဝပြုပွဲနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ရက်(တနင်္ဂနွေနေ့)တွင် ဗဟန်း၃လမ်းရှိ အသင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ အသင်းဝင်မဟုတ်သူ နယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ သားငယ်/သမီးငယ်များစာရင်း (အမှတ်စာရင်းမိတ္တူ)နှင့် တကွ ၇၅နှစ်အထက် သက်ကြီးမိဘများစာရင်းကို မတ်၂၂ရက် ထက်နောက်မကျစေဘဲ အသင်းတိုက်၊ ဒုတိယဥက္ကဋ္ဌ ဖုန်း-၆၄၀၂၂၃နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၅၇၂၈၃၇ တို့သို့ဆက်သွယ် စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

17-3-08 (10).pmd 1 3/17/2008, 12:16 AM

ထူးခြားဆန်းသစ်သော ရေးဆွဲဟန်များပြည့်လျှံနေသည့် “အနုပညာသစ်ပင်” ပန်းချီပြပွဲသို့ တစ်ခေါက်

အနုပညာသတင်း–မိုးမြင့်လင်းလက်   ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

ရန်ကုန် မတ် ၁၆

ပန်းချီအနုပညာပန်းဥယျာဉ်ကြီး အတွင်းမှာတော့ နေ့တိုင်း အနုပညာပန်းတွေ ပွင့်လန်းဝေစည်နေတာဟာ တကယ့်ကို ကြည်နူးဝမ်းမြောက်စရာ ဖြစ်ရပ်ပါပဲ။

“ဗုဒ္ဓ”လို့ အမည်ပေးထားတဲ့ ခင်ဇော်လတ်ရေးဆွဲထားသော ပန်းချီကားက လက်ရာမြောက်လှသည်။

အဲဒီလို ပန်းချီဥယျာဉ်ထဲမှာ **‘အနုပညာသစ်ပင်’**လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းမှာရှိတဲ့ အလင်္ကာပန်းချီပြခန်း (ယခင် ရန်ကုန်ပန်းချီပန်းပုကျောင်း)မှာ မတ်၁၅ရက်မှ ၂၂ရက်အထိ ခင်းကျင်း ပြသထားပါတယ်။

ရှင်းပြ

အေးချမ်းငြိမ်သက်တဲ့ အလင်္ကာပန်းချီပြခန်းအတွင်း ဝင်လိုက်တယ်ဆိုရင်ပဲ အင်နဲ့ အားနဲ့ ခင်းကျင်းပြသထားတဲ့ အရွယ်စုံ ပန်းချီကားတွေကို အားရဖွယ်ရာ မြင်တွေ့ရပါတယ်။ ဒီပြပွဲကို တာဝန်ယူ ကျင်းပတဲ့အပြင် ကိုယ်တိုင်လည်း ပါဝင်ရေးဆွဲပြသတဲ့ ခင်ဇော်လတ်က ဒီပန်းချီပြပွဲ ကျင်းပတာနဲ့ ပတ်သက်ပြီး **“ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်က ပန်းချီနဲ့ ပတ်သက်ပြီး ပထမဆုံးအသုတ်ကနေ အခုနောက်ဆုံးအသုတ် ကျောင်းဆင်းတွေအထိ ပန်းချီကျောင်းဆင်းတွေ စုပေါင်းပြီး ပထမဆုံးပန်းချီပြပွဲ ကျင်းပတာပါ၊ ဒီပန်းချီပြပွဲမှာ ပန်းချီကျောင်းဆင်း ကျောင်းသားကျောင်းသူ၇၈ဦးက ပန်းချီကားပေါင်း ၁၇၀ခန့်ကို ပါဝင်ပြသခြင်း ဖြစ်ပါတယ်”**လို့ ရှင်းပြပါတယ်။



ဒီပြပွဲမှာရောင်းလို့ရတဲ့ ပန်းချီကားတွေရဲ့တန်ဖိုး၅၀ရာခိုင်နှုန်းကို ပန်းချီကား ရေးဆွဲတဲ့သူကယူပြီး ကျန်၅၀ ရာခိုင်နှုန်းကို ပန်းချီကျောင်းသားတွေအတွက် ဆေးနဲ့ပန်းချီပစ္စည်းတွေ ဖြည့်ဆည်းပေးနိုင်ဖို့ အသုံးပြုသွားမယ်လို့ သိရပါတယ်။

လက်ရာမြောက်

ပြခန်းအတွင်းမှာ ခင်းကျင်းပြသထားတဲ့ **‘ဗုဒ္ဓ’**လို့ အမည်ပေးထားတဲ့ ခင်ဇော်လတ်ရဲ့အခရိုင်းလစ်နဲ့ရေးဆွဲထားတဲ့ ပန်းချီကားကို လေ့လာတဲ့အခါ အေးငြိမ်းတဲ့ ဗုဒ္ဓဘုရားရဲ့ မျက်နှာတော်ကြီးပေါ်မှာ အရွယ်အစားသေးငယ်တဲ့ ဗုဒ္ဓမျက်နှာတော်လေးတွေ အများကြီး ရေးဆွဲထားတဲ့ ပန်းချီကားပါပဲ။ အနီ၊ အနက်၊ ရွှေရောင်တွေရဲ့ အားကိုယူပြီး အရောင်အားကောင်းကောင်းနဲ့ ခြယ်မှုန်းထားမှုဟာ ကြည်ညိုဖွယ်ဖြစ်အောင် လက်ရာ မြောက်လှပါတယ်။ ကမ္ဘာကြီးမှာ ဘုရားတွေအဆူဆူ ပွင့်တော်မူခဲ့သလို ပွင့်တော်မူဆဲ ဘုရားတွေ အားလုံးမှာ ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိကြောင်း ပေါ်လွင်စေပါတယ်။

ကြည်လင်ပြတ်သား

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ ဖြိုးဝေညွှန့်ရဲ့ **‘အိမ်ပေါ်မှမြင်ကွင်း’**ဆိုတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ နေအိမ်ရဲ့အထပ်မြင့်ပြတင်းပေါက်ကနေပြီး မြင်တွေ့ရတဲ့ ရှုခင်းပုံပါပဲ။ ပန်းချီဆရာရဲ့ လွတ်လပ်တဲ့ မြင်ကွင်းကို အရောင်တွေနဲ့ ပုံဖော်ထားခြင်းဖြစ်ပါတယ်။ အနွေးရောင်အုပ်စုတွေကို အဓိကထားပြီး ရေးဖွဲ့ထားလို့ အဆောက်အအုံ၊ အုန်းပင်နဲ့ တိမ်တွေရဲ့ပုံရိပ်ဟာ ကြည်လင်ပြတ်သားနေပါတယ်။

‘ကိုရင်လေး’ လို့ အမည်ပေးထားတဲ့ ပန်းချီကားကတော့ ရဲအောင်သန့်ရဲ့ ပန်းချီကားဖြစ်ပြီး ကိုရင်ငယ်တစ်ပါးရဲ့ ရယ်ပြုံးနေတဲ့ အနီးကပ်ပုံဖြစ်ပါတယ်။ ဒီပန်းချီကားဟာ ပက်စတယ်နဲ့ ရေးထားတာမို့ ဆေးရောင် အနုအရင့် ပြေပြစ်နေပြီး အလင်းအားယူမှုလည်း ကောင်းမွန်တာမို့ ကိုရင်ငယ်ရဲ့ အသွင်အပြင်ဟာ အသက်ဝင် နေပါတယ်။



ပန်းချီကျောင်းဆင်းတွေ စုပေါင်းပြီး ပထမဆုံး ပန်းချီပြပွဲ ပြုလုပ်တာပါ။

ခင်ဇော်လတ်
ပန်းချီပြပွဲတာဝန်ခံ

ဆန်းသစ်

မိုးညိုရဲ့ **‘ကုသိုလ်တော်’** လို့ အမည် ပေးထားတဲ့ ရေဆေးပန်းချီကားကတော့ မန္တလေးမြို့က ကုသိုလ်တော် ဘုရားရဲ့ အပြင်ဘက်မြင်ကွင်းကို စိတ်ကူးကောင်းကောင်းနဲ့ ရေးဆွဲထားတာပါ။ ကုသိုလ်တော်ဘုရားရဲ့ အရောင် ဖြူဖွေးဖွေးကို အားပြုရေးဆွဲထားပြီး သစ်ပင်ကိုတော့ အစိမ်း၊ အဝါ၊ မီးခိုးပြာ၊ အညိုရင့်ရောင်တွေ ပေါင်းစပ် ဖွဲ့စည်းထားတာမို့ ကြည့်သူရင်ကို အမြင်ဆန်းသစ်စေပါတယ်။

ဒီပန်းချီပြပွဲမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကားတိုင်းဟာ စိတ်ကူးဆန်းသစ်မှု၊ တီထွင်ရေးဆွဲမှု၊ တင်ပြပုံထူးခြားမှုတွေရှိတဲ့ ပန်းချီကားတွေချည်းဖြစ်တာမို့ သွားရောက်လေ့လာသင့်တဲ့ ပန်းချီပြပွဲတစ်ရပ် ဖြစ်ပါကြောင်း အနုပညာသတင်း ဖြန့်ခင်းလိုက်ရပါတယ်။ ။**(မြန်မာ့အလင်း)**

ကိုရင်လေး ပန်းချီကား

“ကိုရင်လေး”လို့ အမည်ပေးထားတဲ့ ရဲအောင်သန့်ရဲ့ ပန်းချီကားမှာလည်း အသက်ဝင်လှသည်။



အိမ်ပေါ်မှ မြင်ကွင်း

ဖြိုးဝေညွှန့် ရေးဆွဲထားသော “အိမ်ပေါ်မှ မြင်ကွင်း” ဆို သည့် အခရိုင်းလစ်နဲ့ရေးဆွဲထားတဲ့ ပန်းချီကား သည် ပန်းချီဆရာ၏ လွတ်လပ်တဲ့ မြင်ကွင်းကို အရောင်တွေနဲ့ ပုံဖော်ထားခြင်းမှာ လည်း ဆွဲဆောင်မှုရှိလှသည်။

“အနုပညာသစ်ပင်” လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းမှာရှိတဲ့ အလင်္ကာပန်းချီပြခန်းမှာ မတ်၁၅ ရက်မှ ၂၂ရက်အထိ ခင်းကျင်းပြသထား။

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ)ကိုးထပ်ကျောင်းဆောင်တိုက်ပေါ်တွင် တည်ထားကိုးကွယ်သော မေတ္တာသစ္စာအဓိဋ္ဌာန်အောင်စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေ ကျပ်ခြောက်သိန်းကို ဥက္ကံမြို့ ကြယ်နီဆေးလိပ်ရုံ ပိုင်ရှင် ဦးခင်မောင်ဝင်း–သီရိသုမေ္မသီဂီ ဒေါ်သန်းသန်းနွဲ့တို့က ဦးစီးနာယကဆရာတော်ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လျက်ရှိရာ တပေါင်းလတရားစခန်းပွဲကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်(မတ်၂၄ရက်)တနင်္လာနေ့ ညနေနှင့် တန်ခူးလသင်္ကြန်တရားစခန်းပွဲကို ၁၃၆၉ခုနှစ် တန်ခူးလဆန်း၅ရက် (ဧပြီ ၁၀ရက်)ကြာသပတေးနေ့ ညနေအရောက် လာရောက်ကြရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ– LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ရိပ်သာဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်သည်။ ယောဂီများ လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း–၆၈၀၀၅၈သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၃–၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	အနာတပိဏ်သူဌေးကြီး ဥပမာပြဓမ္မနှင့် အမေ့ပေးနည်းတရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇:၅၅ – ၁:၅၅	Soccer Update
၈:၁၀ – ၂:၁၀	အနုပညာရပ်ဝန်းမှ ရှင်ခုနစ်သံများ (ရှင်နှင့်အောင်မွေး)
၈:၄၀ – ၂:၄၀	တေးဂီတအစီအစဉ်
၈:၄၅ – ၂:၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ မောင်စိန်ထွေးနှင့် တွေ့ဆုံခြင်း)
၉:၀၅ – ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ – ၃:၁၅	နှင်းပွင့်လေးနဲ့တူသော အလှပိုင်ရှင်
၉:၄၀ – ၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ – ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ – ၃:၅၀	Yangon Panorama (DEFINED) ကျောင်းသားသုံး အင်္ဂလိပ်–မြန်မာမိုဘိုင်းလ်အဘိဓာန် စတင်ရောင်းချခြင်း အခမ်းအနား)
၁၀:၀၀ – ၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ – ၄:၀၅	TOYO Battery ၏ စက်ရုံအလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံးဆုပေးပွဲ အခမ်းအနား)
၁၀:၁၅ – ၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀ – ၄:၂၀	ဝေဒနာနုပဿနာ (အပိုင်း–၁) (ဆရာကြီးဦးဌေးအောင်)
၁၀:၄၀ – ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ – ၄:၅၀	အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း
၁၁:၁၅ – ၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀ – ၅:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သိမှတ်ဖွယ်ရာကင်ဆာရောဂါ) (အထွေထွေရောဂါ အထူးကုသမားတော် ဒေါက်တာမိုးအောင်ကျော်နိုင်နှင့် တွေ့ဆုံခြင်း)
၁၂:၀၀ – ၆:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅ – ၆:၀၅	Activities in the City
၁၂:၂၀ – ၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅ – ၆:၂၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂:၄၀ – ၆:၄၀	ရေလှိုင်းကြွစီရရီ ... သမိုင်းဝင်စေတီဦးကိုဖူးမြော်လှည့်ပါ (ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်)
၁၂:၅၅ – ၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Birmingham - Newcastle	ESPN(Live)

ရန်ကုန်ရောက် သီပေါမြို့သူမြို့သားများ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်ချီးမြှင့်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီပေါမြို့ ရေပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝအား (မတ်၂၃ရက်)၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ထပ်ဆင့်ပူဇော် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးအတူတကွ ကြွရောက်ပူဇော် ကန်တော့ကြပါရန်နှင့် ဆက်သွယ်ရန် ဦးစိုင်းလူး ဖုန်း–၆၆၅၅၄၃၊ ဒေါ်ခင်မာလာစိုး ဖုန်း–၅၇၃၄၀၆၊ ၀၉–၅၁–၃၆၇၅၆ နှင့် ဒေါ်နန်းခင်အုံးကြည် ဖုန်း–၅၄၄၇၇၀၊ ၅၄၆၉၁၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ကျေးရွာချင်းဆက် မြသာရွာမြေသားလမ်း ဖွင့်လှစ်

နေပြည်တော် မတ် ၁၆

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ပျဉ်းမနားရှိ အောင်ဘိတ်သိတ် ကျေးရွာနှင့် မြသာကျေးရွာတို့ကို ဆက်သွယ်သည့် မြသာရွာ မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက မြသာကျေးရွာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူ များအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ပျဉ်းမနား ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းအတွင်းရေးမှူး ဦးခင်မောင် ဌေးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင်ဦးစောပီတာက ပေါက်ပြား များကိုလည်းကောင်း၊ နေပြည်တော် ပျဉ်းမနား သစ်ကွန်ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးစိုးဝင်းလှိုင် က အသင်းဝင် အဆိုပြုလွှာများကို လည်းကောင်း ပေးအပ်ကြသည်။

ကြည့်ရှု

ဆက်လက်၍ မြသာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်က လမ်း ဖောက်လုပ်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြော ကြားသည်။ ယင်းနောက်နေပြည်တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေး၊ အောင်ဘိတ်သိတ် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်တို့က မြသာရွာမြေသား လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး နှင့် ဧည့်သည်များသည် မြေသား လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု ကြသည်။

အဆိုပါ မြေသားလမ်းသည် ကျေးရွာချင်းဆက်လမ်းဖြစ်၍ အလျား ၆မိုင် ၄ဖာလုံ၊ အကျယ်၁၂ပေရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကဦးဆောင်၍လမ်းဖောက်လုပ်ခဲ့ ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် နေပြည်တော် ပျဉ်းမနားရှိ အောင်ဘိတ်သိတ် ကျေးရွာနှင့် မြသာကျေးရွာတို့ကို ဆက်သွယ်သည့်မြသာရွာမြေသား လမ်းဖွင့်ပွဲတွင် ဒေသခံပြည်သူများ အတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ပြည်ပဆက်သွယ်ရေး အိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်သွယ်ရေးအိတ်ချိန်း၌ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရန်ဆောင်ရွက်ထားရှိမှု၊ မီးငြိမ်းသတ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် ရန်ကုန် မြို့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်း အစည်းအဝေးခန်းမ၌ ဌာန ဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက် ကောင်းမွန်ရေးမှာကြားပြီး ဟံသာဝတီ အော်တိုအိတ်ချိန်းအတွင်း ဆက်သွယ်မှု လုပ်ငန်းပစ္စည်းအသစ်များ တပ်ဆင် ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရန်ကုန်မြို့ရှိ ဆက် သွယ်ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှု စစ်ဆေးရာတွင် လုပ်ငန်းဌာန များအတွက် ဆက်သွယ်မှုလုပ်ငန်း ဆိုင်ရာများ အရည်အသွေး တိုးတက် ကောင်းမွန်ရေးနှင့် လုံခြုံရေးဆိုင်ရာ များအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဟံသာဝတီ အော်တိုအိတ်ချိန်းအတွင်းဆက်သွယ် မှုလုပ်ငန်း ပစ္စည်းအသစ်များ တပ် ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

သင်္ကြန်အရောင်းမြှင့်တင်ရေးပွဲ Blazon ၌ ကျင်းပမည်

ရန်ကုန် မတ် ၁၆

Blazon Department Store တွင် သင်္ကြန်အကြို အရောင်းမြှင့်တင် ရေးပွဲများ၊ ပျော်ရွှင်စရာအစီအစဉ်များကို နှစ်စဉ်ကျင်းပလေ့ရှိရာ ယခုနှစ်တွင် လည်း မတ်၁၅ရက်မှ ဧပြီ ၁၂ရက်အထိ တစ်မူထူးခြားစွာ ကျင်းပသွားမည် ဖြစ်သည်။ ယင်းအစီအစဉ်များမှာ မတ် ၁၅ရက်မှ ဧပြီ ၁၂ရက်အထိ Buy 3 Itmesတွင် သတ်မှတ်ထားသော ဖက် ရှင်အဝတ်အထည် သုံးမျိုးဝယ်ယူပါက ဝယ်ယူမှုတန်ဖိုးပေါ်မူတည်၍ ကျပ် ခြောက်သောင်းမှ ကျပ်တစ်ထောင် အတွင်းရှိ Gift Voucher များကို ပြန်လည် ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် Be Summer Style-Elite ခေါင်းစဉ်ဖြင့် ကမ္ဘာကျော် Branded Sunglass များကို အထူး လျှော့ဈေးများဖြင့် ရောင်းချသွားမည် ဖြစ်သည်။

Let Your Beauty Shine အမည်ဖြင့် Cosmetics Sales ဈေး ရောင်းပွဲတော်ကို မတ်၂၁ရက်မှ မတ် ၃၁ရက်အထိ စည်ကားစွာ ကျင်းပ သွားမည်ဖြစ်ပြီး နာမည်ကြီးအလှကုန် ပစ္စည်းများ ဖြစ်သည့် Kanebo, Pupa, Shiseido, Za & Whitia, Revlon, L'oreal, Maybellineတို့မှ အလှကုန် ပစ္စည်းများကို အထူးရောင်းချသွားမည် ဖြစ်သည်။ ယင်းနောက် အသက်လေး နှစ်မှ ကိုးနှစ်အရွယ် ကလေးငယ်များ အတွက် Mr. & Ms. Thingyan Kids Model Contestကိုလည်းပြု လုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လို သော ကလေးငယ်များမှာ မတ်၁၅ရက် မှ ဧပြီ ၁ရက်အထိ Blazon တွင် ပြိုင်ပွဲဝင် ပုံစံများကို ထုတ်ယူ၍ စာရင်း ပေးသွင်းနိုင်သည်။

အထူး

သင်္ကြန်ရာသီအတွက် Blazon မှ ကြီးမှူးပြီး Lolane Hair Products မှပံ့ပိုးကူညီသည့် Lolane Hair Color Demostration Workshop 2008, Korea Hair Style Hair Show ကို ဧပြီ၇ ရက်မှ ၁၂ရက်အထိ Blazon Department Store တွင် ကျင်းပသွားမည် ဖြစ်သည်။ ထို့ပြင် မဟာသင်္ကြန်အတွင်း စားသုံးရန် စား သောက်ဖွယ်ရာ အမျိုးမျိုးနှင့် အသုံး အဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရောင်းမြှင့်တင်ရေး ကာလအတွင်း အထူးရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်များကို ရန်ကုန် နှင့် မန္တလေးမြို့များရှိ Blazonတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး Blazon Department Store ကို သင်္ကြန်အကြို (ဧပြီ ၁၂ရက်)နှင့် နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)များတွင် ပုံမှန်အတိုင်း ဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

လားရှိုးပြည်လုံးချမ်းသာစေတီ ထီးတော်တင်လှူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သာသနာ့၂၅၀၀ကုန်းမြင့် သာသနာ့ နယ်မြေတွင် တည်ထားကိုးကွယ်ထားသည့် ပြည်လုံးချမ်းသာစေတီတော် မြတ်ကြီး၏ ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ပွဲတွင် ကျောက်မဲခရိုင်အတွင်းရှိ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ အလှူရှင်များ လှူဒါန်းသော အလှူငွေကျပ်၄၅သိန်း ကျော်ကို သီပေါ၊ လားရှိုးမြို့နယ် စင့်အင်ကျေးရွာ အလှူခံမဏ္ဍပ်၌ မတ် ၄ရက်တွင် ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်ထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဆွေးနွေးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၉ရက်က မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်ဌေးရွှေ ခေါင်းဆောင်သောအဖွဲ့သည် ဒေါ်ဖွားရှင်လမ်းရှိ မြန်မာဂလိုဗ်ွန် အထည်ချုပ် စက်ရုံများသို့သွားရောက်ပြီး မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက်နှင့် အညီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုကင်းရှင်းစေရေး အတွက် သရုပ်ပြရုပ်ပုံကားချပ်များဖြင့် ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန် အချက်အလက်များကို ပညာပေးဆွေးနွေးကြသည်။ (၁၁၄)

ဆေးလိပ်နှင့်ဆေးရွက်ကြီးအကြောင်း ထပ်ဆင့်ရှင်း

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ စားသောက် ဆိုင်၊ လက်ဖက်ရည်ဆိုင်ရှင်များနှင့် ဈေးသည်များ တက်ရောက်ကြသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ စတင်အာဏာတည်ခြင်း၊ ရည်ရွယ်ချက်၊ ဆေးလိပ်သောက်ခွင့် မရှိသော နေရာများ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ စသည်တို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဌေးကြွယ်က အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(၀၂၇)**

မိုးကောင်းမြို့ နဝဒေးလမ်း ကတ္တရာခင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နောင်ကိုင်တော်ရပ်ကွက်အတွင်းရှိ နဝဒေးလမ်း ကတ္တရာထပ်ပိုးလွှာတင်ရန် ကျောက်လမ်းခင်းမှုကို ဖေဖော်ဝါရီ၉ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၀၁)

မင်းတပ်မြို့နယ်ခန်းမပြုပြင်မှု ကြည့်ရှုစစ်ဆေး

မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်း မြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက်က မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမ ပြုပြင်နေမှု အား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းပြသသည်။

(ခရိုင် ပြန်/ဆက်)

မြင်းခြံ၌ မြို့ပတ်လမ်း ကတ္တရာခင်း

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းအားလုံး ကတ္တရာလမ်းဖြစ်ရေးကို စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ရက်က မြင်းခြံမြို့ အမှတ်(၁၂)ရပ်ကွက် အောက်မြို့ပတ်လမ်း ကတ္တရာ ခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာ ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

ကော့ကရိတ်၌ တိုင်းရင်းဆေးခန်းဖွင့်လှစ်ကုသ

ကော့ကရိတ်မြို့ မင်္ဂလာဇေယျုကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော အကြိမ်(၇၀)မြောက် ကရင်ပြည်နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပသည်။ အဆိုပါ စာပြန်ပွဲသို့ကြွရောက်လာသော သံဃာတော်အပါး ၂၅၀နှင့် လူပုဂ္ဂိုလ် ၅၀တို့အား တိုင်းရင်းဆေးခန်းဖွင့်လှစ်၍ တိုင်းရင်းဆေးခန်းမှူးဆရာ ဦးသိန်းထွန်း က အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်မတော်တဆမှု လျှော့နည်းရေး ဟောပြော

ပခုက္ကူခရိုင် ယာဉ်မတော်တဆဖြစ်ပွားမှုများ လျှော့နည်းပပျောက်ရေး ပညာပေး ဟောပြောပွဲကို မတ်၁၂ရက် မွန်းလွဲ၂နာရီက ပခုက္ကူမြို့ အဝေးပြေး ကားဝင်းရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးခန်း၌ ကျင်းပရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးကျော်ငြိမ်း မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်းနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဌေးတို့က ပညာပေး ဟောပြောကြပြီး ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ တက်ရောက်ကြောင်း သိရသည်။ (၀၇၀)

အာရှဖလား အမျိုးသမီးဘောလုံးခြေစစ်ပွဲဝင်ရန် မြန်မာအသင်းအပြီးသတ် ရွေးချယ် ခြေစစ်ပွဲအောင်မြင်ရန် ဇွဲ၊ စိတ်ဓာတ်၊ လုံ့လအပြည့်ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

ရန်ကုန် မတ် ၁၆

၂၀၀၇ခုနှစ်အတွင်း ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်၊ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တတိယကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၈ခုနှစ်အတွင်း ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ယခုမတ်လတွင် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲကို ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

နောက်ဆုံးအဆင့်

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များကို မတ် ၂၄ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့နှင့် ထိုင်းနိုင်ငံ နာခွန်ရတ်ချာစီမာ (ခိုရက်) မြို့တို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ခြေစစ်ပွဲ (က)အုပ်စုတွင် အိမ်ရှင်ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ အီရန်တို့နှင့်အတူ ကျရောက်နေပြီး ထိုင်းနိုင်ငံတွင် ကျင်းပမည့် ခြေစစ်ပွဲ(ခ) အုပ်စုတွင် အိမ်ရှင်ထိုင်း၊ မလေးရှား၊ တောင်ကိုရီးယားနှင့်ဖိလစ်ပိုင်တို့ ပါဝင်လျက်ရှိသည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်ပြီး တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိထားသော တရုတ်၊ မြောက်ကိုရီးယား၊ ဂျပန်နှင့် ဩစတြေးလျလေးသင်းတို့နှင့်အတူ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ၂၀၀၆ခုနှစ်အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်၍ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သော အသင်းတစ်သင်းဖြစ်ပြီး အာရှထိပ်သီး အသင်းများကို ရှုံးပင်ရှုံးသော်ငြားလည်း ခြေရည်တူ လိုက်ကစားနိုင်ခဲ့၍ ပြိုင်ဘက်အသင်းများ၏ ချီးကျူးမှုကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ် ဇွန် ၁၂ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သော ခြေစစ်ပွဲတွင် မြန်မာ အမျိုးသမီးအသင်းသည် ဗီယက်နမ်၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ဖိလစ်ပိုင်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ဗီယက်နမ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် ဥဇဘတ်ကစ္စတန် အသင်းကို မာလာဝင်းနှင့် ဇင်မာဝမ်းတို့၏ သွင်းဂိုးများကြောင့် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

၂၀၀၆ခုနှစ် အာရှဖလားအမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များကို ဇူလိုင်၁၆ရက်မှ ၂၈ရက်အထိ ဩစတြေးလျနိုင်ငံတွင် ကျင်းပခဲ့ရာ မြန်မာအသင်းသည် ဩစတြေးလျ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ပါဝင်ခဲ့သည်။ ပြိုင်ပွဲတွင် ထိုင်းကို ၁–၂ဂိုး၊ ဩစတြေးလျကို ဝ–၂ဂိုး၊ မြောက်ကိုရီးယားကို ဝ–၃ဂိုး၊ တောင်ကိုရီးယားကို ၁–၃ဂိုးတို့ဖြင့် လေးပွဲစလုံး ရှုံးနိမ့်ခဲ့သော်လည်း မြန်မာတို့၏ အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကြိုးစား ယှဉ်ပြိုင်မှုတို့ကို ပြိုင်ဘက်အသင်းများက ချီးကျူးခဲ့ကြသည်။

စခန်းဝင်

၂၀၀၈ အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဇန်နဝါရီ ၁၅ရက်မှစ၍ ပထမကစားသမား ၃၀ ဖြင့် စတင်စခန်းဝင် လေ့ကျင့်ပြင်ဆင်ခဲ့ကြသည်။ မြန်မာ့လက်ရွေးစင်နှင့် ယူ–၂၃ အမျိုးသားအသင်း နည်းပြဟောင်း ဦးတင်မြင့်အောင်က နည်းပြချုပ်အဖြစ်တာဝန်ယူပြီး လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုးနှင့်ဦးမျိုးချစ်(ဂိုး)တို့က တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။ လေ့ကျင့်ပြင်ဆင်ရင်းမှ ကစားသမားများကို သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မိခင်ကလပ်အသင်းများမှ ဝင်ရောက် ကစားခွင့်ပြုကာ ကစားသမားများ၏ ခြေစွမ်းခြေစကို အကဲခတ်ခဲ့ပြီး မတ်၈ရက်နှင့် ၁၀ရက်တွင် ခြေစမ်းပွဲနှစ်ပွဲကစားကာ ခြေစစ်ပွဲဝင်ရန် အပြီးသတ် ၂၃ဦးကို ရွေးချယ်ခဲ့သည်။ ခြေစစ်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ တာဝန်ပေးအပ်ချက်အရ အာဆီယံနိုင်ငံများသို့ လှည့်လည်ကာ အမျိုးသမီးဘောလုံး အားကစားအဆင့် အတန်းတိုးတက်ရန် သင်ကြားလေ့ကျင့်ပေးလျက်ရှိသည့် ဖီဖာမှ အမျိုးသမီး နည်းပြဆရာ မော်နီကာစတပ်သည် မတ်၁ရက်မှ၁၄ရက်အထိ မြန်မာနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်ပေးရင်းမှ အာရှ ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းကိုလည်း အကြံပေးအဖြစ် ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံ

အာရှဖလား ခြေစစ်ပွဲ အောင်မြင်ရေး ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေသည့်မြန်မာအမျိုးသမီးဘောလုံးအသင်းအား မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့ပါသည်။ နည်းပြချုပ်ဦးတင်မြင့်အောင်က "ခြေစစ်ပွဲအောင်မြင်ရေးအတွက် မိမိတို့အနေဖြင့် အစွမ်းကုန်လေ့ကျင့်ပြင်ဆင်လျက်ရှိပါကြောင်း၊ အသင်းမှာလိုချင်သည့် အကောင်းဆုံးပုံစံမရရှိသေးသော်လည်း တဖြည်းဖြည်းနှင့် ပိုမိုကောင်းမွန်လာပါကြောင်း၊ ကစားသမားများမှာ ခံစစ်ကစားပုံကောင်းသော်လည်း ဂိုးရရှိရန် တိုက်စစ်ကစားရာ၌ အားနည်းနေသေးကြောင်း၊ မိမိတို့ နည်းပြအဖွဲ့အနေဖြင့် ကစားသမားများ၏ အားနည်းချက်များကို ပြုပြင်လေ့ကျင့်ပေးနေသလို အားသာချက်များကိုလည်း ပိုမိုကောင်းမွန်အောင်လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ Team Work ကောင်းအောင် အဓိကထားလေ့ကျင့်နေပြီး အနိုင်ရလိုစိတ်ပြင်းထန်အောင်လည်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ဖီဖာမှ အမျိုးသမီးနည်းပြဆရာ မော်နီကာကလည်း အသင်းကို အကြံဉာဏ်ကောင်းများ ပေးပါကြောင်း၊ အမျိုးသမီးဘောလုံးသမားများ၏ အားနည်း၊ အားသာချက်များအပြင် မိမိတို့အသင်း၏ လိုအပ်ချက်များကိုလည်း အပြုသဘောအနေဖြင့် ပြောပြကာ နည်းစနစ်ပိုင်းနှင့်ပတ်သက်၍လည်း မိမိတို့နည်းပြ အဖွဲ့နှင့်တိုင်ပင်ဆွေးနွေးခဲ့ပါကြောင်း။

ခြေစမ်းပွဲများကစားခဲ့သည့် အသင်း၏ ကစားပုံမှာ တစ်ပွဲထက် တစ်ပွဲ တိုးတက်မှုများ ရှိလာပါကြောင်း၊ ဝန်ကြီးဌာနပွဲအပြီးတွင် အသင်းမှ အမာခံ ကစားသမားလေးဦး ဒဏ်ရာရရှိလာခဲ့ပြီး စန်းယုနိုင်နှင့်စန်းစန်းသိန်းတို့မှာ သက်သာ ပျောက်ကင်းသွားပြီဖြစ်ကြောင်း၊ မိုင်နီလာထွေး (ဒူး)နှင့် သန်းသန်းထွေး(တံတောင်ဆစ်)တို့သာ ကျန်ရှိတော့ပြီး ပြိုင်ပွဲအမီ ပြန်ကောင်းလာမည်ဖြစ်ပါကြောင်း၊ ယခုအပြီးသတ် ၂၃ဦးရွေးချယ်ထားသော်လည်း ပြိုင်ပွဲမသွားမီအထိ စိတ်ဓာတ်ပိုင်းနှင့် လေ့ကျင့်မှုအပိုင်းတို့တွင် လျော့ရဲအားနည်းပါက ပြိုင်ပွဲသို့ ခေါ်ဆောင်သွားမည် မဟုတ်ကြောင်း" ပြောကြားသည်။

အဓိကပြိုင်ဘက်

ဆက်လက်၍ ဦးတင်မြင့်အောင်က ခြေစစ်ပွဲအုပ်စု အနေအထားနှင့်ပတ်သက်၍ "ခြေစစ်ပွဲတွင်ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)မှာ အဓိကပြိုင်ဘက်ဟု ဆိုနိုင်သော်လည်း အီရန်အသင်းကိုလည်းလျှော့မတွက်ပါကြောင်း၊ ဗီယက်နမ်အသင်း၏ ကစားပုံကို ကြည့်ရှုလေ့လာပြီး ဖြစ်သော်လည်း တိုင်ပေနှင့် အီရန်အသင်းအကြောင်းကိုမူ သတင်းများအရသာ သိရှိထားရကြောင်း၊ ပြိုင်ဘက် အသင်းများ၏ အားနည်း၊ အားသာချက်ကို လေ့လာရုံဖြင့် အနိုင်ရရန်အတွက် မလုံလောက်ဘဲ မိမိအသင်းမှာလည်း အကောင်းဆုံးအနေအထားရှိရန်လိုကြောင်း၊ လေ့လာရသလောက် ဗီယက်နမ်အသင်းကို စိတ်ဓာတ်ပိုင်းနှင့် ကြိုးစားမှုတို့တွင် မိမိတို့က အသာရသော်လည်း နည်းစနစ်ပိုင်းတွင် ၎င်းတို့ အားနည်းနေသေးပါကြောင်း၊ ခြေစစ်ပွဲအောင်မြင်ရန်အတွက် တရုတ်(တိုင်ပေ)နှင့်ကစားရမည့် ပထမဦးဆုံးပွဲတွင် ရလဒ်ကောင်းရန် လိုအပ်ပါကြောင်း၊ ခြေစစ်ပွဲအောင်မြင်ရန်အတွက် မိမိတို့ အသင်းကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ကလည်း ပံ့ပိုးအားပေးပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ခြေစစ်ပွဲ အောင်မြင်ရန်အတွက် မိမိတို့ အသင်းအနေဖြင့် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

အာရှဖလား ခြေစစ်ပွဲ ဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးစိုးမိုးနှင့် ဦးမျိုးချစ်၊ ကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ သင်းသင်းစိုး၊ မြဖူးငုံ၊ **နောက်တန်း** မြင့်မြင့်အေး၊ သီတာဦး၊ မိုးမိုးဝါ၊ စန်းစန်းမော်၊ နေဇာလင်း လင်းအောင်၊ စန်းစန်းသိန်း၊ စုစုဝေ၊ **အလယ်တန်း** နန်းကြာငုံ၊ ခင်မိုးဝေ၊ သန်းသန်းထွေး၊ စန်းယုနိုင်၊ နီလာမြင့်၊ နမ်းခမ်းမို၊ အေးနန္ဒာလှိုင်၊ သီရိမြတ်၊ မေသူဝင်း၊ **ရှေ့တန်း** မူမူလွင်၊ ခင်မာလာထွန်း၊ မိုင်နီလာထွေးနှင့် မာဂရက်မေရီတို့ ပါဝင်ကြသည်။

နည်းပြချုပ် ဦးတင်မြင့်အောင်က ဤသို့ သင်ကြားပြသလျက်ရှိသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်း ဤသို့ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲစဉ်များ

အုပ်စု (က) မြန်မာ၊ တရုတ် (တိုင်ပေ)၊ ဗီယက်နမ်၊ အီရန်

အုပ်စု (ခ) ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်

၂၄-၃-၂၀၀၈	ဗီယက်နမ်	– အီရန်	အုပ်စု (က)
	မြန်မာ	– တရုတ်(တိုင်ပေ)	အုပ်စု (က)
	ထိုင်း	– မလေးရှား	အုပ်စု (ခ)
	တောင်ကိုရီးယား	– ဖိလစ်ပိုင်	အုပ်စု (ခ)
၂၆-၃-၂၀၀၈	ဗီယက်နမ်	– တရုတ်(တိုင်ပေ)	အုပ်စု (က)
	မြန်မာ	– အီရန်	အုပ်စု (က)
	မလေးရှား	– တောင်ကိုရီးယား	အုပ်စု (ခ)
	ထိုင်း	– ဖိလစ်ပိုင်	အုပ်စု (ခ)
၂၈-၃-၂၀၀၈	ဗီယက်နမ်	– မြန်မာ	အုပ်စု (က)
	အီရန်	– တရုတ်(တိုင်ပေ)	အုပ်စု (က)
	ထိုင်း	– တောင်ကိုရီးယား	အုပ်စု (ခ)
	မလေးရှား	– ဖိလစ်ပိုင်	အုပ်စု (ခ)

(မြန်မာ့အလင်း)

အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များကို မတ် ၂၄ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့နှင့် ထိုင်းနိုင်ငံ နာခွန်ရတ်ချာစီမာ (ခိုရက်) မြို့တို့၌ ကျင်းပမည်။

ရန်ကုန်တက္ကသိုလ် (၁၉၈၄-၈၅) ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၁-၃-၂၀၀၈ရက်(သောကြာနေ့)
ကျင်းပမည့်အချိန် - ညနေ ၅း၀၀နာရီ
ကျင်းပမည့်နေရာ - **HOTEL NIKKO**

အောက်ပါသူငယ်ချင်းများနှင့် အမြန်ဆုံးဆက်သွယ်ပါရန်။
ကျော်ဌေးမင်း(အကာကြီး)ဖုန်း-၀၉-၅၁-၀၀၅၃၄၊ သန်းဌေးဇော် ဖုန်း-၀၉-၅၁-၅၀၁၃၁၊ နိုင်ဦး ဖုန်း-၀၉-၅၁-၀၁၃၈၀၊ စိန်ဌေး ဖုန်း-၀၉-၅၁-၅၉၉၇၉၊ မောင်မောင်ထွေး ဖုန်း-၀၉-၅၀-၀၃၀၈၀၊ နီနီအေး ဖုန်း-၀၉-၅၀-၅၁၃၅၅၊ ချယ်ရီကျော် ဖုန်း-၇၂၄၁၇၃။



ရုံးသုံး-ကျောင်းသုံး-လူကြိုက်အများဆုံး

ပညာအလင်းပြ

အိတ်ဆောင် နှစ်တစ်ရာပြက္ခဒိန်

ထွက်ပါပြီ (1909 To 2008) ကျပ် ၁၅၀၀

ပညာအလင်းပြစာပေ၊ ရန်ကုန် ဖုန်း-၂၉၀၉၂၇

နယ်မှ VP မှာရန်-တင်တင်အေးစာပေ၊ တောင်ဘက်မုခ်

ရွှေတိဂုံဘုရားကြီးဈေး၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့၊

မန္တလေးထွန်းဦးစာပေနှင့် နဂါးစာပေ။





ကားပျောက်ဆုံး

ကိုထွန်းထွန်းဝင်းအား မာဇဒါ ကား B-600 ၂က/၆၀၁၃အား ၁-၁-၂၀၀၈ ရက်တွင် အပ်နှံခဲ့ရာ ၁-၃-၂၀၀၈ ရက်တွင် ကွယ်လွန်သွားပြီး ယာဉ်မှာ ပျောက်နေ၍ လက်ဝယ်ရှိသူမှ အမြန်ဆုံး အကြောင်းကြား ပေးရန်နှင့် လက်ခံထားသူအား ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း။ ဗိုလ်ကြီးထင်ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁-၇၇၅၅၄၊ ၂၄၄၉၄၈။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်











ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စူဠဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတော်က ကျင်းပခဲ့သော ဓမ္မာစရိယနိကာယ် ပထမပြန်စာမေးပွဲများတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များကို အောင်လက်မှတ်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ပြည်ကြီးချမ်းသာမဟာစေတီ(မြို့ဦးစေတီ)တော် သန္တိသုခဓမ္မာရုံကြီးတွင် ယနေ့ မွန်းလွဲ၁နာရီကကျင်းပသည်။

မြွက်ကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားပြီး မြို့နယ်ဥက္ကဋ္ဌဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်လက်၍ ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတော်မှ ကျင်းပခဲ့သည့် စာမေးပွဲများတွင် ဓမ္မာစရိယ သုံးကျမ်းပြီး နှစ်ပါး၊ နှစ်ကျမ်းပြီး ခုနစ်ပါး၊ တစ်ကျမ်းပြီး ရှစ်ပါး၊ အင်္ဂုတ္တရ နိကာယဝိဒူဘွဲ့ရ ငါးကျမ်းပြီး တစ်ပါး၊ ဝိနယဝိဒူဘွဲ့ရ ငါးကျမ်းပြီး တစ်ပါး၊ ကျမ်းစွဲအောင်သုံးပါး၊ ပါဠိပထမပြန် အကြီးတန်းအောင် ၁၄ပါး၊ အလတ်တန်းအောင်အပါး၂၀၊ အငယ်တန်းအောင် ၆၂ပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆက်ကပ်လှူဒါန်းသည်။ (က-ပ)

ဆင်ဆာမဲ့ခိုးကူးခွေများ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် မတ် ၁၆

အင်းစိန် မြို့နယ်အတွင်း တရားမဝင် ဆင်ဆာမဲ့ ခိုးကူးခွေများ ပပျောက်ရန် စီမံချက်ဖြင့် မြို့နယ် ဗီဒီယိုစိစစ် ကြီးကြပ်ရေးကော်မတီ၏ ဦးဆောင် ကြီးကြပ်မှုဖြင့် အင်းစိန်ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်အောင်က ဦးဆောင်၍ မြို့နယ်ဗွီဒီယို အခြေခံအဖွဲ့ဝင်များနှင့် အင်းစိန်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ဖော့ကန်ဈေးအတွင်းမှ ဆင်ဆာမဲ့ခွေများ၊ မြန်မာသီချင်း ခိုးကူးခွေများနှင့်အတူ ကျော်စွာမင်း(၃၃နှစ်) (ဘ)ဦးကျော်ဒင်အား အင်းစိန်ရဲစခန်းမှ ပ ၁၄၈/၀၈ ဗီဒီယို အက်ဥပဒေ ပုဒ်မ(၃၂)(ခ) ဖြင့်လည်းကောင်း၊ ယမန်နေ့က ဈေးကုန်း အရှေ့ ခုံးတံတားအောက်မှ ဝင်းမင်းနိုင်(၂၂နှစ်) (ဘ) ဦးမိုးဆွေအား ဆင်ဆာမဲ့ မြန်မာသီချင်းခိုးကူးခွေများ ရောင်းချနေကြောင်း တွေ့ရှိရ၍ အင်းစိန်ရဲစခန်းမှ ပ-၁၅၃/၀၈ ဗီဒီယို အက်ဥပဒေ ပုဒ်မ(၃၂) (ခ)ဖြင့် လည်းကောင်း၊ ဆယ်မိုင်ကုန်းမှတ်တိုင်အနီးမှ ဆင်ဆာမဲ့ နိုင်ငံခြားခွေများ၊ မြန်မာ့သီချင်း ခိုးကူးခွေများနှင့်အတူ ရောင်းချနေကြောင်း တွေ့ရှိရ၍ လှအေး(၂၃နှစ်) (ဘ) ဦးတင်မြင့်အား အင်းစိန်ရဲစခန်းမှ ပ-၁၇၈/၀၈ ဗီဒီယိုအက် ဥပဒေပုဒ်မ(၃၂)(ခ) ဖြင့် လည်းကောင်း၊ အမှုဖွင့် အရေးယူထားပြီး၊ တရားခံလေးဦးထံမှသိမ်းဆည်းရမိသောတရားမဝင် ဆင်ဆာမဲ့ခိုးကူးခွေပေါင်း ၁၄၆၈ ခွေ၊ ပိုင်ရှင်မဲ့အဖြစ်သိမ်းဆည်းရမိသော ဆင်ဆာမဲ့တရားမဝင် ခိုးကူးခွေပေါင်း ၅၄၁ခွေကို ဖမ်းဆီးရမိကြောင်း သိရသည်။ (၁၂၇)

ဘီအီး(စက်မှု)ကျောင်းသား ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

၁၉၈၆-၈၇ခုနှစ် B.E (Mechanical) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် ညနေ ၃နာရီတွင် ဖမိုင်ခွဲရှိ I.B.C ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများ ဦးကျော်လှိုင် ဖုန်း-၀၉၅၀-၁၈၃၂၉၊ ဦးအောင်ညွန့်သောင်း ဖုန်း-၀၉၅၁-၁၅၇၁၀၊ ဦးစိန်သောင်း ဖုန်း-၀၉၅၀-၁၃၀၅၇၊ ဦးမိုးမြင့်ကျော် ဖုန်း-၀၉၅၀-၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉၅၁၂၅၃၇၆၊ ဦးအောင်ကြည် ဖုန်း-၀၉၅၀-၁၄၄၁၈၊ ဦးစောထွန်းဝေ ဖုန်း-၀၉၅၁-၇၅၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ထူးချွန်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပရာ တတိယတန်းတွင် လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်မိုးဇက်ညဏ်လင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းစမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မီးဘေးကာကွယ်ရေး သရုပ်ပြဟောပြော

ရန်ကုန် မတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန ခရိုင်မှူး ဦးထွန်းနိုင်၏ စီစဉ်မှု၊ အင်းစိန်မီးသတ်ဦးစီးဌာန၏ ကူညီမှုဖြင့် ဈေးကြီး မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြဟောပြောပွဲကို ယမန်နေ့ နံနက်က အင်းစိန်ဈေး တာဝန်ခံရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာနစုမှူး ဦးသန်းထိုက်အောင်၊ ဈေးမိဈေးဖ ဦးလှသန်း(ချမ်းမြေ့ ရတနာရွှေဆိုင်)တို့က အမှာစကားပြောကြားပြီး အင်းစိန်မီးသတ်စခန်းမှူး ဦးထွန်းထွန်းလွင်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဈေးခေါင်း လမ်းမပေါ်တွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသည်။(**အပေါ်ပုံ**)

အခမ်းအနားသို့ အင်းစိန်ဈေးကြီး တာဝန်ခံ ဦးခင်မောင်အေး၊ ဒုတိယတာဝန်ခံ ဦးသန်းထိုက်စိုးနှင့် ဝန်ထမ်းများ၊ ဈေးရုံကိုယ်စားလှယ်များ၊ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများ တက်ရောက်ကြသည်။ (က-ပ)

ညောင်တုန်း၌ ဆရာတော်နှစ်ပါးအား ပူဇော်

ညောင်တုန်း မတ် ၇

ညောင်တုန်းမြို့သာသနာလင်္ကာရကျောင်းကြီးကျောင်းတိုက်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ခံဆရာတော်နှင့် တောင်ညိုပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ခံဆရာတော်နှစ်ပါးအား မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲ အသင်းကြီးက ကြီးမှူးကျင်းပသော ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို သုဓမ္မာစာမေးပွဲ ဓမ္မသဘင်မဏ္ဍပ်၌ မတ် ၂ရက် ည ၈နာရီက ကျင်းပရာ **(အပေါ်ပုံ)**ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားဖွင့်စာတမ်းကို ဘဏ္ဍာရေးမှူးဦးကျော်နိုင်က ဖတ်ကြားလျှောက်ထားသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ ဝေဠုဝန်ကျောင်းတိုက် တိုက်အုပ်စာချ ဓမ္မကထိက ဘဒ္ဒန္တအဂ္ဂဓမ္မက ဂုဏထောမနာပူဇနိယဂါထာဖြင့် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆိုင်က ပူဇော်ပွဲကျင်းပရခြင်းကိုလည်းကောင်း၊ ပူဇော်ခံဘွဲ့ကျောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထေရ်၏ ထေရုပ္ပတ္တိကို အမှုဆောင် ဦးအောင်ဇော်က လည်းကောင်း၊ အပူဇော်ဘွဲ့ခံတောင်ညိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောမဏာဘိဝံသထေရ်၏ ထေရုပ္ပတ္တိကို တွဲဖက်အကျိုးတော်ဆောင် ဦးသန်းလွင်က လည်းကောင်း၊ ဆရာတော်များ၏ ဂုဏ်ပြုလွှာကို အကျိုးတော်ဆောင် ဦးဟန်ထွန်းကလည်းကောင်း ဖတ်ကြား လျှောက်ထားကြသည်။

ထို့နောက် ဦးငွေးလွင်၊ ဒေါ်မြင့်မြင့်ကြည်တို့ ဦးစီးသော တေးဂီတအဖွဲ့က ဓမ္မတေးများ၊ ဂုဏ်ပြုရတုပိုဒ်စုံများဖြင့် သီဆိုဂုဏ်ပြုပူဇော်ကြပြီး ဈေးကျောင်းတိုက်ဆရာတော်က ပဋိသန္ထာရစကားမြွက်ကြားပြီး ရန်ကုန်မြို့ အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဂုဏနန္ဒက ရေစက်ချတရား ဟောကြားကြောင်း သိရသည်။

(၁၅၂)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက်နေ မိခင်ကြီး ဒေါ်အုံးမေအားရည်စူး၍ ဦးကျော်စိန်၊ သား ဦးစိုးလင်း-ဒေါ်ဖြူဖြူမာ၊ မြေးသဥ္ဇာစိုးလင်း၊ ဉဿာစိုးလင်းမိသားစုက အလှူငွေကျပ် ငါးသိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ကုဏ္ဍကထံ ဆက်ကပ်လှူဒါန်းစဉ်။

(၁၇၀)

ဘုတ်ပြင်း၌ ကဏန်းအရှင်များ စုပေါင်းလွှတ်ပွဲကျင်းပ

ဘုတ်ပြင်း မတ် ၇

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မျိုးမပြုန်းတီးစေရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ကဏန်းအရှင်များအား ကန့်လန့်အလျား ၈ဒသမ ၁၅စင်တီမီတာ၊ ဒေါင်လိုက်အလျား ၆ ဒသမ ၁၅ စင်တီမီတာအောက် အရွယ်အစားရှိသည့် ကဏန်းများကို ဖမ်းဆီး၊ ရောင်းဝယ်၊ စုဆောင်းခြင်း မပြုလုပ်ကြရန် တားမြစ်ထားသည်။

ဘုတ်ပြင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဘုတ်ပြင်းမြို့ပေါ်ရှိ ကဏန်း အဝယ်ဒိုင်များကို စစ်ဆေးပြီး သတ်မှတ်အရွယ်အစားထက် သေးငယ်သော ကဏန်း ၅၉၂ကောင်အား တွေ့ရှိသိမ်းဆည်း၍ သဘာဝရေပြင်ထဲသို့ ပြန်လည်လွှတ်ပေးပွဲ အခမ်းအနားကို မတ်၇ရက် နံနက် ၉ နာရီက ဘုတ်ပြင်းကမ်းခြေ၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး သန်းမြင့်ဦးနှင့် ဌာနဆိုင်ရာများ မြို့နယ်ငါးလုပ်ငန်းဌာန ဦးစီးမှူး ဦးတင့်အောင်နှင့် မြို့နယ် ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်မြို့ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်

ရွှေတောင် မတ် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် တိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၅ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သောတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ၊ လမ်းတံတားများ၊ ဆောင်ရွက်မှုနှင့် မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့ပြလမ်းဖြစ်သော မင်းဘူးတန်းလမ်း ပေ၅၀၀×၁၂ပေ ထပ်ပိုးကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁) မူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ခဲ့သော ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း ပြင်ပဖြေဆိုသူ ကျောင်းသားကျောင်းသူများက စေတနာညကျောင်းတွင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို မတ် ၅ရက် ည ၇နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်က မြို့နယ်ပညာရေးမှူး ဦးသန်းဆွေအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

(၀၂၀)

ရေစကြို မြို့မဈေးကြီး၌ မီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်

ရေစကြို ဖေဖော်ဝါရီ ၂၆

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီးသို့ ဖေဖော်ဝါရီ ၂၄ရက်က မြို့မဈေးကြီး၏ ဈေးတာဝန်ခံ ဦးတင်ဝင်းနှင့် ဈေးရုံးဝန်ထမ်းတို့သည် ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်သဖြင့် မီးလောင်လွယ်စေသော အမှိုက်များ၊ ဈေးဆိုင်အမိုး၊ အကာအဆွေးများ၊ မီးလောင်လွယ်စေသော ပစ္စည်းများ ရောင်းချခြင်း၊ လျှပ်စစ်မီးသုံးစွဲသူများအား သတိပေးခြင်း မီးဖြင့်အသုံးပြုရောင်းချနေကြသော ဈေးသည်များအား စနစ်တကျ ရောင်းချကြရန် မီးလုံခြုံရေး ကြိုတင် ကာကွယ်မှုလုပ်ငန်းများအနေဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် သတိပေး နှိုးဆော်ခဲ့ကြောင်းသိရသည်။

(၀၆၉)

မြို့ရေပေးရေး ရေစစ်ကန် တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

တာချီလိတ် ဖေဖော်ဝါရီ ၂၅

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တာချီလိတ်မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သဲ၊ နုန်း အနည်းစစ်ကန် တည်ဆောက်ပြီးစီးမှုအား စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၈ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့က ရှင်းလင်းတင်ပြကြသည်။**(ယာပုံ)** **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

စဉ့်ကူး ရွှေပြည်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ

စဉ့်ကူး မတ် ၆

စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲ၊ မြေနေရာနှင့် အဆောက်အအုံသစ်အား ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၆ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်တွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းစန်းညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာစန်းစန်းညွန့်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရွှေပြည်ကျေးရွာ ရပ်မိရပ်ဖ လူမှုထူးချွန်(တတိယဆင့်)ရ ဦးခင်လှက မြေနေရာ၊ အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း၊ အထောက်အထား မှတ်တမ်းများအား မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းစန်းညွန့်ထံသို့လည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်လွင်နှင့် အဖွဲ့ဝင်ဦးအောင်မြင့်တို့က ဖွင့်ပွဲ အထိမ်းအမှတ်အလံအား မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် ကျန်းမာရေး ဆရာမဒေါ်မြမြမိုးတို့သို့ လည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြညွန့်၏ ည/၁၀၅၂ မာဇဒါမော်တော်ယာဉ်၏ အခွန်ကျေပုံစံအစိမ်းရောင်(၁)မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဦးမြညွန့်**
ဖုန်း-၆၄၂၂၉၁။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်လင်းအောင် CDC-60100၏ Allotment Order သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်ပို့ပေးပါရန်။ **ကျော်လင်းအောင်**
ဖုန်း-၃၇၅၇၉၈။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျိုက်ထိုမြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၉

မြန်မာ့စီးပွားရေးဘဏ် ကျိုက်ထိုမြို့။ **နှင့်** ၁။ ဦးနိုင်ဦး ၂။ ဒေါ်မြင့်မြင့်ကြူ

တရားနိုင် **တရားရှုံး**

ကျိုက်ထိုမြို့နယ် တရားရုံးတော်၌ ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၉၀တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန်ငွေ ၁၈၆၅၂၉၂ကျပ်၈၉ပြား (တစ်ဆယ့်ရှစ်သိန်းခြောက်သောင်းငါးထောင်နှစ်ရာကိုးဆယ့်နှစ်ကျပ်နှင့်ရှစ်ဆယ့်ကိုးပြားတိတိ) ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ခုနှစ် ဧပြီ ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့် တန်ခူးလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ၊ ကျောက္ကလပ်၊ အကွက်အမှတ်-၉၅၊ လူလေအနောက်ကွင်း၊ ဦးပိုင်အမှတ် (၄၇)၊ ဧရိယာ ၀ ဒသမ ၂၂ ဧကရှိ မြေ။

ယင်းမြေပေါ်ရှိ (၁၈X၃၆ X၁၂/၁၂)ပေရှိ အောက်အင်္ဂတေခင်း၊ အုတ်ကာ၊ အပေါ်ပျဉ်ခင်း၊ အုတ်ကာ၊ သွပ်မိုး၊ နှစ်ထပ်တိုက်နှင့် (၁၄X၁၈)ပေ အုတ်ပတ်ကား၊ သွပ်မိုး၊ နှစ်ထပ် ဘေးအဆောင်ပါအိမ်။

ကြမ်းခင်းဈေး ကျပ် ၂၅ သိန်း။

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကိုလည်း ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွန်း(တ/၂၁၆၇)
မြို့နယ်တရားသူကြီး
ကျိုက်ထိုမြို့နယ်တရားရုံး။

နွားထိုးကြီး ရှင်ပင်သာထွန်းဦးဘုရား ထီးတော်တင်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၁

နွားထိုးကြီးမြို့ ရှင်ပင်သာထွန်းဦးဘုရားအတွင်း ထီးတော်တင် မင်္ဂလာအခမ်းအနားနှင့် ဘုရားတန်ဆောင်းတော်ကြီး ပြုပြင်ပြီးစီးခြင်း ရေစက်ချမင်္ဂလာအခမ်းအနားနှင့်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အခမ်းအနားတို့ကို ဖေဖော်ဝါရီ၂၀ရက် နံနက်၉နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညသိရိနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ရှင်ပင်သာထွန်းဦးဘုရား ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ပူဇော်ကြသည်။ **(၀၈၉)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျိုက်ထိုမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၆

မြန်မာ့စီးပွားရေးဘဏ် ကျိုက်ထိုမြို့။ **နှင့်** ၁။ ဒေါ်တင်ဝင်း ၂။ ဦးတင်ဦး

တရားနိုင် **တရားရှုံး**

ကျိုက်ထိုမြို့နယ် တရားရုံးတော်၌ ၂၀၀၅ ခုနှစ် တရားမကြီးအမှုအမှတ်-၇၄တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန်ငွေကျပ် ၂၃၉၁၈၀၀/၃၄ပြား (ကျပ်နှစ်ဆယ့်သုံးသိန်းကိုးသောင်းတစ်ထောင့်ရှစ်ရာနှင့်သုံးဆယ့်လေးပြားတိတိ) ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ခုနှစ် ဧပြီ ၂၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

သထုံခရိုင် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် အကွက်အမှတ် ၄၁၊ ဖက္ကလိပ်မြောက်၊ ဦးပိုင်(အစိုးရ-၂၂၁)၊ မြေဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိမြေ။

ယင်းမြေကွက်ပေါ်ရှိ(၁၈X၃၂X၁၀/၉)ပေ အုတ်ကာ၊ အင်္ဂတေခင်း၊ အပေါ်ထပ်ပျဉ်ခင်း၊ ပျဉ်တစ်ဝက်ကာ၊ သွပ်မိုးနှစ်ထပ်တိုက်ခံအိမ်နှင့်(၁၅X၁၅)ပေ အုတ်ပတ်ကား၊ ဘေးဆောင်ပါ။

ကြမ်းခင်းဈေး ကျပ်သိန်း ၃၀။

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပေ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းများကိုလည်း ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွန်း(တ/၂၁၆၇)
မြို့နယ်တရားသူကြီး
ကျိုက်ထိုမြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
စမ်းချောင်းမြို့နယ် တရားမရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ကိုလှမိုး **နှင့်** ၁။ ဒေါ်လှလှအေး ၂။ ဦးမျိုးညွန့်

တရားလို **တရားပြိုင်**

လှိုင်မြို့နယ် အမှတ် ၅၈ လမ်း၅၀၊(၈)ရပ်ကွက်နေ (၁) ဒေါ်လှလှအေး (၂) ဦးမျိုးညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုလှမိုးက တရားပြိုင်ရယူထားသော ငွေကျပ် ၁၅သိန်းနှင့် နစ်နာကြေးငွေကျပ်ငါးသိန်း ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် မတ် ၂၅ရက် (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းဌေး(တ/၂၀၄၃)
တွဲဖက်မြို့နယ်တရားသူကြီး
စမ်းချောင်းမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ် - (၂၁/၀၇)

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် သာစည်မြို့။ **နှင့်** ဦးဌေးဝင်း ပါ(၂) အုတ်ကျင်းကျေးရွာ သာစည်မြို့နယ်။

တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလပြည့်ကျော်၁ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

သာစည်မြို့နယ် မင်းလှရွာ ကွင်းအမှတ် (၁၈၃၄/မင်းလှ)၊ ဦးပိုင်အမှတ် (၁၃၄)၊ မြေကွက် အမှတ် (၂၀၃)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၄X၂၄) ပေ၊ သွပ်မိုး၊ လူနေနှစ်ထပ်တိုက်၊ အဝီစိတွင်း၊ ရေစင် (၅X၄X၃)ပေ၊ (၂၅X၂၄)ပေ သွပ်မိုး၊ နို့ချက်စက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်၅၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းနိုင်(တ/၂၅၁၇)
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး။

ဆုချီးမြှင့်

နေပြည်တော်တပ်ကုန်း ခြံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၆၆)

ကတ္တရာခင်း

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဘူတာပိုင်းရပ်ကွက် မြရတနာလမ်းအား မတ် ၁ရက်က ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့အား တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ သဘာပတိ ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းမှုများကို တင်ပြဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ရက် မွန်းတည့် ၁၂နာရီတွင် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစောဘလှိုင်နှင့် ဦးလန်းဇုန်းတို့က ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးလန်းဇုန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညှိနှိုင်းစည်းဝေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈) ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၈ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာအောင်ဆန်းဝင်းနှင့် ဦးခတ်ထိန်နန်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ၊ မကွေးတိုင်းအတွင်းရှိ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

17-3-08 (20).pmd 1 3/17/2008, 12:16 AM